မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၉)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၂)ဦးတို့ တက်ရောက်ကြသည်။

ယနေ့ လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၉)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြန်လည်ဖြေကြား

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက တရားရေးကဏ္ဍဆိုင်ရာ မေးခွန်း (၂)ခုကို မေးမြန်းခဲ့ရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြန်လည်ဖြေကြားသည်။

ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၆) ပုဒ်မ ၂၉၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား စာချွန်ထုတ်ပိုင်ခွင့်အာဏာ အပ်နှင်းကြောင်း ပြဋ္ဌာန်းထားရှိပါသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၂-၄-၂၀၁၁ ရက်နေ့မှ စတင်၍ ယနေ့အထိ စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားခဲ့သော တရားမအထွေထွေလျှောက်ထားမှုမှာ (၁၅)မှုနှင့် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှု (၁)မှု စုစုပေါင်း(၁၆)မှု ရှိပါကြောင်း။

စာချွန်တော်

တရားမအထွေထွေလျှောက်ထားမှု (၁၅)မှုမှာ အမှုခေါ်စာချွန်တော်အမိန့်လျှောက်ထားမှု (၁၀)မှု၊ အာဏာပေးစာချွန်တော်အမိန့်လျှောက်ထားမှု (၂)မှု၊ တားမြစ်စေစာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့်လျှောက်ထားမှု (၁)မှု၊ အာဏာပေးစာချွန်တော်အမိန့် သို့မဟုတ် အမှုခေါ်စာချွန်တော်အမိန့်လျှောက်ထားမှု (၁)မှု၊ အမှုခေါ်စာချွန်တော်အမိန့်နှင့် အာဏာပေးစာချွန်တော်အမိန့်လျှောက်ထားမှု (၁)မှုတို့ ဖြစ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှု (၁)မှုမှာ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်လျှောက်ထားမှုဖြစ်ပါကြောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားခဲ့သော စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

တရားစွဲအဖွဲ့အစည်း

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၏ **တရားမမှု စွဲဆိုမည့်ကိစ္စဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါလျက် ပြစ်မှုကြောင်းဖြင့် စွဲဆိုနေခြင်းမျိုး မဖြစ်ပေါ်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်မှ ယခုထက်ကြီးကြပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ တရားစွဲတင်ပို့သော ပြစ်မှုဆိုင်ရာ မူလအမှုများတွင် တရားစွဲအဖွဲ့အစည်းက

စာမျက်နှာ ၆ ကော်လံ ၁ ●

မြန်မာ့အလင်း သတင်းအညွှန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကြေညာချက်အမှတ်(၄၈/၂၀၁၁) ထုတ်ပြန်ကြေညာ။ စာ-၂

ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ။ စာ-၃

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ။ စာ-၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၈/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၈/၂၀၁၁)
၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးထွန်းအောင်ခိုင်က ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅အရ ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၉. ၉. ၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲ ကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ် (၈/၂၀၁၁) ဆုံးဖြတ်ချက်တွင် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ဦးအောင်ကျော်ဇံအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးထွန်းအောင်ခိုင်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(က)အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်၍ ဦးအောင်ကျော်ဇံသည် ယခုကြေညာသည့်နေ့မှစ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှာ ဦးထွန်းအောင်ခိုင် [၁၁/ပတန (နိုင်) ၀၀၃၄၇၄] ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ သတ်မှတ်ကြေညာလိုက်ပါသည်။

(ပုံ)
တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ **သဘိယသုတ္တန်** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆း၄၀ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းထွေးသောမေတ္တာ** (အပိုင်း-၁၂၂)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၄)
၈း၅၀ ထူးမြတ်ပူဇာနာဂလိုဏ်ဂူ ဆရာတော်ဘုရား၏ ဝိဇာတမင်္ဂလာ
၉း၁၀ (ပလေးဘွိုင်းသန်းနိုင်၏ Sweet 16 Live Show စာနယ်ဇင်းရှင်းလင်းပွဲ)
၉း၂၀ ပြေတီဦးပညာရေးဖောင်ဒေးရှင်း အင်တာနက်ပေါ်သို့စတင်လွှင့်တင်ခြင်းအခမ်းအနား
၉း၄၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၁၀း၄၀ သွားမယ်စားမယ် သုံးပန်လှ(ကဖီးနှင့်အဆာပြေ)
၁၁း၁၀ ပန်းချီပြခန်း (ရောင်စုံမိုးစက်များပန်းချီပြပွဲ)
၁၁း၃၀ Activities in the City (ရွှေမိုးပွင့်အေးကုမ္ပဏီ၏ ကျန်းမာရေးပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁၁း၄၅ မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း (ဒေါက်တာခင်နှင်းဦး)
၁၁း၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (ဦးနန်းဝင်း) (အပိုင်း-၁)
၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှကြီးမှူးကျင်းပသော Developer Conference 2011 Yangon)
၁း၀၀ **သဘိယသုတ္တန်** တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ VJ Choice
၃း၀၀ Activities in the City (Steel Fibre Application For Construction) ဟောပြောပွဲ
၃း၂၀ Kid's Show
၃း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၄)
၄း၅၀ အလှအပနှင့် ကျန်းမာရေးအတွက် JUNE ROSE
၅း၁၀ ပန်းကလေးများအတွက် အနာဂတ်ပန်းတိုင် . . . SCBI
၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
၆း၀၀ MRTV -4 သတင်း
၆း၂၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒေစီကျော်ဝင်း) (အပိုင်း -၅)
၆း၅၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းထွေးသောမေတ္တာ** (အပိုင်း-၁၂၃)
၇း၃၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၂)
၈း၀၀ MRTV -4 သတင်း
၈း၃၀ **Barclays Premier League Stoke City Vs Liverpool**
၁၀း၃၀ ပရီမီယာလိဂ်ရှင်ခုန်သံ
၁၀း၅၅ **Barclays Premier League Bolton Vs Man U**
၁း၀၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၅)
၁း၅၀ မြွေကိုက်ခံရပါက စနစ်တကျရှေးဦးသူနာပြုစုခြင်း
၁း၅၅ ခါတစ်လှည့် . . . လာလှည့်ပါ ဆိပ်ခွန်ရွာ . . .
၂း၀၅ World of Knowledge (Seconds From Disaster TITANIC)
၂း၅၀ မြန်မာ့တူရိယာစည်တော်ကြီး
၃း၀၅ Regional Handicrafts
၃း၅၀ အနုပညာနှင့် နည်းပညာ ပေါင်းစပ်ဖန်တီးထားတဲ့ ကမ္ဘာလေး
၄း၂၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၄း၃၅ မြိုင်ရာဇာတွတ်ပီနှင့် အနော်ဖလီး
၄း၄၅ အံ့ဖွယ်တန်ခိုးတော် အဖြာဖြာကျောင်းတော်ရာ

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Sunderland Vs Chelsea	(ESPN) (Live)
၈း၃၀	Stoke City Vs Liverpool	(STAR SPORTS) (MRTV-4) (Live)
၁၀း၅၅	Bolton Vs Man U	(ESPN) (MRTV-4) (Live)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြား

၁၀-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ ပညာပေးဇာတ်လမ်းတို
၈း၂၅ ၁၄။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၄။ အဖွင့်သီချင်း
၁၁း၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်** (အပိုင်း-၁၁)
၁၂း၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **အလိုတူ အလိုပါ** မြင့်မြတ်၊ မိုးပြည့်ပြည့်မောင်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဟိန်းစိုး)
၁၄း၀၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနလုံးသား** (အပိုင်း-၁၄)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၃ ၃။ နိုင်ငံတော်သီချင်း
၄း၀၆ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
၄း၂၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ၉။ ကုန်သွယ်သုတ
၄း၅၀ ၁၀။ သန့်စွာကိုင်လေစက္ကူငွေ
၅း၀၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၄၈)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူရွှင်တော်စတား
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ FIFA BEACH SOCCER WORLD CUP RAVENNA 2011 (Semi Final) W 27 Vs W 25 (Live)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၈၀)
၂၆။ FIFA BEACH SOCCER WORLD CUP RAVENNA 2011 (Semi Final) W 28 Vs W 26(Live)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၀ ရက်)

မြန်မာ့ယဉ်ကျေးမှု အနုပညာအမွေအနှစ်များ ရေရှည်တည်တံ့ရေး ဆက်လက်ထိန်းသိမ်း

သမိုင်းအဆက်ဆက်၌ မြန်မာတိုင်းရင်းသားများအား မျိုးရိုးဂုဏ်ရှိန်မြင့်မားသည့် လူမျိုးအဖြစ် မြှင့်တင်ပေးလာခဲ့သည့် ယဉ်ကျေးမှုအစဉ်အလာကောင်း၊ စွမ်းရည်ကောင်းများကို ထိန်းသိမ်းပြီး မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးဝေနိုင်ရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပခဲ့သည်မှာ (၁၇)ကြိမ်တိုင်ခဲ့ပြီးဖြစ်သည်။

မြန်မာတိုင်းရင်းသား အဘိုး၊ အဘွားများသည် ခေတ်ကာလအလိုက် ဖြတ်သန်းပြောင်းလဲနေသည့် ယဉ်ကျေးမှုစံနှုန်းများအပေါ်တွင် မိမိတို့ကိုယ်ပိုင် အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီခြင်း ရှိ မရှိ သုံးသပ်၍ မြန်မာ့တွေးခေါ်မြော်မြင်မှု အခြေခံများအပေါ် ခိုင်မာရပ်တည်နိုင်စွမ်းရှိခဲ့သည်။

မြန်မာ့အနုပညာရပ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များအားလုံးသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှုကို သက်သေပြလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများသည် ကိုယ်ပိုင်အမျိုးသားရေး ဥပမိလက္ခဏာနှင့် လူမှုရေးစံနှုန်းများကို မြင့်မြင့်မားမားထိန်းသိမ်းထားနိုင်သည့် တိုင်းပြည်နှင့် လူမျိုးအဖြစ် နိုင်ငံတကာအလယ်တွင် ဝင့်ထည်စွာ ရပ်တည်လျက်ရှိသည်။

မျက်မှောက်ကာလတွင် တိုးတက်ဖြစ်ပေါ်နေသည့် ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ အသုံးပြုပြီး တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လျက်ရှိရာ တိုင်းတစ်ပါးအတွေးအခေါ် ယဉ်ကျေးမှု၊ သိမ်းသွင်းမှုများကို မျိုးချစ်စိတ်ဓာတ်ဖြင့် ကာကွယ်တားဆီးကြရမည် ဖြစ်သည်။

ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုများကိုကြည့်လျှင် ခံ့ညားထည်ဝါလှပသိမ်မွေ့မှု၊ နိုင်ငံ့ဂုဏ်ရည်နှင့် အမျိုးသားရေးစိတ်ဓာတ်ကြီးမားမှု စသည့်ပုံရိပ်များထင်ဟပ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ကမ္ဘာ့ယဉ်ကျေးမှုများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် နှိုင်းယှဉ်လျှင် မြန်မာ့ယဉ်ကျေးမှုသည် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာဆန်သော အမျိုးသားရေးယဉ်ကျေးမှုလက္ခဏာတို့ကို ထင်ရှားစွာ တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ တန်ဖိုးကြီးမားသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်ရေးအတွက် မြန်မာတို့၏ အနုပညာအမွေအနှစ်များ မတိမ်ကော၊ မပျောက်ပျက်ရန် ဆက်လက်ထိန်းသိမ်းသွားကြရ မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာကော်မတီများမှ ဥက္ကဋ္ဌများနှင့် အမျိုးသားလွှတ်တော်မှ တိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြပြီး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

စာအုပ် စာပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇:၅၅ ၇။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၈။ အဆိုပြိုင်ပွဲ
၈:၁၅ ၉။ **ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ**
၈:၃၀ ၁၀။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀ အဆင့်) (အမျိုးသား)**
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၄၅ ၅။ **နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ**
၁၃:၅၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ကျောင်ဂွန်း** (အပိုင်း-၅)
၁၄:၄၅ ၇။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး)(အခြေခံပညာ ၅-၁၀ အဆင့်) (အမျိုးသမီး)**
၁၄:၅၅ ၈။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၃၅ ၄။ **သာယာရွှေပြည်တို့နေပြည်**
၅:၂၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၃၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅:၅၀ ၈။ **ဟူးကောင်းကျားထိန်းသိမ်းရေး နယ်မြေဆီသို့**
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ် (ဆုရှုန်းလဲ့)
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၁၃)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မဟာဂီတ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း**
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၄၇)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၇)
၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**
၂၁။ အစီအစဉ်ပြီး၏။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို အမှာစကားပြောကြား

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၁)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၉

မူးယစ်ဆေးဝါးသည် မြန်မာတစ်နိုင်ငံတည်း၏ အန္တရာယ်မဟုတ်ဘဲ ကမ္ဘာ့လူသားမျိုးနွယ်စုတစ်ရပ်လုံးအထိ လူညွှန့်တုံးစေမည့် အန္တရာယ်ဖြစ်ကြောင်းကို မိမိတို့နိုင်ငံက အလေးအနက်ခံယူကာ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ချုပ်ငြိမ်းပပျောက်သွားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး"နည်းဗျူဟာ(၃)ရပ်" ဖြင့် ဘက်ပေါင်းစုံမှ တက်ညီလက်ညီ အားမာန်အပြည့် ကြိုးပမ်းဆောင်ရွက်နေကြောင်းဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၁)တွင် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားသည်။

ပူးပေါင်းဖော်ထုတ်

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘိန်းစိုက်တောင်သူများ၏ ရေရှည်ပုံမှန်ဖူလုံသည့်ဝင်ငွေရရှိစေမည့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး၊ ထွက်ရှိသီးနှံများ ဈေးကွက်ရရှိရေး၊ ဈေးကွက်သို့ တင်ပို့နိုင်မည့် ကုန်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် ပြည်တွင်း၌ပင် ဈေးကွက်ရရှိရေး စသည့် နည်းလမ်းများဖြင့် ဘိန်းစိုက်ဒေသရှိ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝမြင့်မားလာစေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများသည်လည်း အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် အသွင်အမျိုးမျိုး၊ လမ်းကြောင်းအမျိုးမျိုးဖြင့် တရားမဝင်ထိုးဖောက်လျက်ရှိရာ အတတ်နိုင်ဆုံး စွမ်းစွမ်းတမံ ပူးပေါင်းဖော်ထုတ် တားဆီးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအခါ WHO ၏ ကူညီထောက်ပံ့မှုဖြင့် ၂၀၀၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့သော လုပ်ငန်းများဖြစ်သည့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးအန္တရာယ်များ လျှော့ချရေး၊ မူးယစ်ဆေးဝါး အကြောတွင်း ထိုးသွင်းရာမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် HIV/AIDS ရောဂါအန္တရာယ် ကာကွယ်ပညာပေးရေးလုပ်ငန်းများသည်လည်း တိုးမြှင့်ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးကို ဦးတည်၍ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး လုပ်ငန်းများကို စီမံကိန်းနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် ကျောင်းသင်ခန်းစာများဖြင့် တွဲဖက်ကာ ပညာပေးသင်ကြားခြင်း၊ ဟောပြောပို့ချခြင်း၊ပညာပေးဆောင်ပုဒ်များ ရေးဆွဲပြသထားခြင်း၊ ဆရာအရည်အသွေးမြင့်မားရေးလုပ်ငန်းများ ပို့ချပေးခြင်း၊ ရပ်ရွာလူငယ်များအား ဆင့်ပွားဆွေးနွေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်မှုတို့ကိုလည်း ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်း၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကြကာ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး တာမွေမြို့နယ်၌ ဟောပြော

ရန်ကုန် စက်တင်ဘာ ၉

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာဗဟုသုတတိုးပွားလာစေရန် ဟောပြောပွဲများကို အမြို့မြို့အနယ်နယ်တွင် ကျင်းပလျက်ရှိရာ စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းပင်လုံခန်းမတွင်လည်း အလားတူကျင်းပခဲ့ပြီး အခမ်းအနားတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တာမွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးနိုင်တို့က ဟောပြောဆွေးနွေးခဲ့ကြသည်။

ကျင်းပ

ထို့နောက် တာဝန်ရှိသူများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ ဆက်လက်၍ တာမွေမြို့နယ်အတွင်းရှိ ကျောင်းများ၊ ရပ်ကွက်များတွင်လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်မှ တိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြပြီး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell သည် ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အမေရိကန်နှင့်မြန်မာ ဆက်ဆံရေးတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့်ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။

ညပိုင်းတွင် ဧည့်သည် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်က နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့ နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့်ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

စက်တင်ဘာ ၁၀ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ပြီး ရေဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် ၁ နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာလ ဒုတိယသီတင်းပတ်ကုန်ရက်များတွင် မိုးလေဝသခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၉

နေပြည်တော် (လေဆိပ်)	**၁ ဒသမ ၈၉ လက်မ**
နေပြည်တော်(လယ်ဝေး)	**၁ ဒသမ ၆၅ လက်မ**
ကျောက်ဖြူမြို့	**၅ ဒသမ ၈၆ လက်မ**
မောင်တောမြို့	**၅ ဒသမ ၂၀ လက်မ**
စစ်တွေမြို့	**၄ ဒသမ ၄၅ လက်မ**
ရေးမြို့	**၃ ဒသမ ၁၅ လက်မ**
ပူတာအိုမြို့နှင့်မာန်အောင်မြို့	**၃ ဒသမ ၀၃ လက်မ**
ဟုမ္မလင်းမြို့	**၂ ဒသမ ၉၅ လက်မ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ထိုင်းနိုင်ငံအထက်လွှတ်တော် စွမ်းအင်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ထိုင်းနိုင်ငံအထက်လွှတ်တော် စွမ်းအင်ကော်မတီဥက္ကဋ္ဌ Mr. Suradet Jiratiticharoen နှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ဆိုင်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံအထက်လွှတ်တော် စွမ်းအင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ထိုင်းနိုင်ငံ အထက်လွှတ်တော် စွမ်းအင်ကော်မတီ ဥက္ကဋ္ဌ Mr. Suradet Jiratiticharoen အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ထိုင်းနိုင်ငံအထက်လွှတ်တော် စွမ်းအင်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ထိုင်းနိုင်ငံ အထက်လွှတ်တော် စွမ်းအင်ကော်မတီ ဥက္ကဋ္ဌ Mr. Suradet Jiratiticharoen ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ထိုင်းနိုင်ငံ အထက်လွှတ်တော် စွမ်းအင်ကော်မတီ ဥက္ကဋ္ဌ Mr. Suradet Jiratiticharoen ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ၏ အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ထိုင်းနိုင်ငံ ကုမ္ပဏီများက ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့် ပိုမိုရရှိရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အခြေခံကုန်ထုတ်လုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်မြို့နယ်အတွင်း ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များသို့ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၄ ရက်က မြို့ဟောင်းအရှေ့ရပ်ကွက်မှ ပြည်သူများအား ငွေများထုတ်ချေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်ငွေစုငွေချေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မြ၊ အတွင်းရေးမှူး ဦးမောင်မောင်တိုးနှင့် အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၄၉)

လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children (Myanmar)၊ World Vision (Myanmar)၊ Help Age International (Myanmar) တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား ကချင်ပြည်နယ်၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

ကချင်ပြည်နယ် ၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ထွေးက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာက အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက “လူတိုင်းအတွက် ပညာရေး” သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် စာတတ်မြောက်ရေး လှုပ်ရှားမှုပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် INGO များ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၉

လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children (Myanmar)၊ World Vision (Myanmar)၊ Help Age International (Myanmar) တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အဖွင့်အမှာစကား

အဆိုပါ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက သက်ဆိုင်ရာဝန်ထမ်းများနှင့် ရပ်ရွာလူထုတို့အတွက် စွမ်းရည်မြှင့်သင်တန်းများ ပို့ချပေးခြင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (CRC)နှင့် အမျိုးသမီးများ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) နှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးခြင်း၊ လူမှောင်ခိုကုန်ကူးမှု ကြိုတင်ကာကွယ်ရေးစသည့် အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် World Vision (Myanmar) မှ Country Director Mr. Chris Paul Herink၊ Save the Children (Myanmar)မှ Country Director Mr. Kelland Stevenson နှင့် Help Age International (Myanmar) မှ Country Programme Manager Mr. Tapan Kuman Barman တို့သည် နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကြသည်။

ပြန်လည်ပြောကြား

ထို့နောက် World Vision (Myanmar) နှင့် Save the Children (Myanmar) တို့မှ Country Director များနှင့် Help Age International (Myanmar) မှ Country Programme Manager တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဖြူမြို့နယ် ဥစားကြက်မွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ကျောက်ဖြူ စက်တင်ဘာ ၉

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥစားကြက်မွေးမြူရေး အစုအဖွဲ့ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ ရက်က ကျောက်ဖြူခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်နယ်ဦးစီးမှူးက မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု အစုအဖွဲ့များဖွဲ့စည်းဆောင်ရွက်ရေးနှင့် အစုအဖွဲ့များကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖွဲ့စည်းဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးပြီး ဥစားကြက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေး မြှင့်တင်ဆောင်ရွက်ရန် ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် မွေး/ကုဦးစီး)**

ပြစ်မှုကြောင်းအရ တရားစွဲဆိုသည့်အမှုများတွင် တရားရုံးသို့ အမှုမတင်မီ အမှုတည်ဆောက်သောအပိုင်းသည် တရားစွဲအဖွဲ့အစည်းနှင့်သက်ဆိုင်

● ရွှေဖုံးမှ

တရားစွဲဆိုတင်ပို့သောအမှုနှင့် ဦးတိုက်လျှောက်ထားစွဲဆိုသောအမှုဟူ၍ နှစ်မျိုးရှိပါကြောင်း၊ တရားစွဲအဖွဲ့အစည်းက တရားစွဲဆိုတင်ပို့သော အမှုတွင်လည်း အမှုစစ်ဆေးသည့်အခါ စွဲချက်တင်စစ်ဆေးနိုင်လောက်သည့် မြင်သာသောအချက်အလက်ပေါ်ပေါက်ခြင်းမရှိလျှင်ဖြစ်စေ၊ တရားမကြောင်းအရ စွဲဆိုရမည့်အမှုဖြစ်ပါလျက် ပြစ်မှုကြောင်းအရ စွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရလျှင်ဖြစ်စေ စွပ်စွဲခံရသူအား မလိုအပ်ဘဲ ဖြေရှင်းနေစေရခြင်းမျိုး မဖြစ်စေရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၁) သို့မဟုတ် ၂၅၃(၂)အရ စွဲချက်မတင်မီလွှတ်သည့်အမိန့်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဦးတိုက်လျှောက်ထား

ဦးတိုက်လျှောက်ထားစွဲဆိုသောအမှုများတွင် တိုင်လျှောက်သူ၏ တိုင်လျှောက်ချက်ကို အခြေခံကာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ တိုင်လျှောက်သူတရားလိုအားစစ်ဆေးပြီး တိုင်လျှောက်သူ တရားလို၏ လျှောက်ထားချက်၊ စစ်ဆေးချက်တို့ကို အခြေခံကာစဉ်းစားဆင်ခြင်ပြီး ပြစ်မှုကြောင်းဖြင့် အရေးယူ သင့်/မသင့်ကို ဆုံးဖြတ်ရပါကြောင်း၊ တိုင်လျှောက်သူများအနေဖြင့် ပကတိဖြစ်ရပ်မှန်ကို ထိမ်ချန်ပြီး တိုင်လျှောက်မှုများရှိနိုင်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀အရ တိုင်လျှောက်သူအား စစ်ဆေးသည့်အပြင် သက်ဆိုင်ရာရဲစခန်းသို့ တိုင်လျှောက်ချက် မှန်/မမှန် သိသာရန်အလို့ငှာ စုံစမ်းစစ်ဆေးထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ စုံစမ်းစစ်ဆေးစေခြင်းကိုလည်း ဆောင်ရွက်ရပါကြောင်း၊ စုံစမ်းစစ်ဆေးချက်များ တင်ပြလာသည့်အခါ တိုင်လျှောက်သူတရားလိုအား တရားရုံးက စစ်ဆေးထားသည့်စစ်ဆေးချက်နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ စုံစမ်းစစ်ဆေးအစီရင်ခံချက်တို့ကို ပေါင်းစပ်စဉ်းစားဆင်ခြင်ပြီး ပြစ်မှုကြောင်းဖြင့် ဆက်လက်စစ်ဆေးရန် လုံလောက်သည့် အခြေအမြစ်မရှိကြောင်းတွေ့ရှိရလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃အရ ပလပ်သည့်အမိန့်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဦးတိုက်လျှောက်ထားစွဲဆိုသောအမှုများတွင် ပကတိဖြစ်ရပ်မှန်ကို ထိမ်ချန်ပြီး ပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူ၍ ရနိုင်သမျှကိုသာကွက်ပြီး တိုင်တန်းခြင်းများ၊ ထွက်ဆိုခြင်းများလည်း ရှိနိုင်ပါကြောင်း၊ အမှုအားစစ်ဆေးသည့်အခါတွင်မှ ထိမ်ချန်ထားသည့် အရေးကြီးသောအချက်များ ပေါ်ပေါက်လာသဖြင့် စွပ်စွဲခံရသူက အမှုအားချေဖျက်ပေးရန် လျှောက်ထားလာသည့်အခါ ဦးတိုက်လျှောက်ထားမှုသည် ပြစ်မှုမမြောက်နိုင်ကြောင်း၊ ပြစ်မှုကြောင်းအရ အရေးယူနိုင်လောက်သည့် အခြေအနေမရှိကြောင်းတွေ့ရှိရလျှင် တရားစီရင်ရေးယန္တရားကို အလွဲသုံးစားပြုရာရောက်ခြင်းမှ ကာကွယ်ရန်အလို့ငှာလည်းကောင်း၊ တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းခြင်းမှ ကာကွယ်ရန်အလို့ငှာလည်းကောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာကိုကျင့်သုံး၍ အမှုအားချေဖျက်သည့်အမိန့်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာကို ယခင်တရားရုံးချုပ်ကသာ ကျင့်သုံးသော်လည်း ယခုအခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များက ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

အစဉ်တစိုက်ဆောင်ရွက်

ပြစ်မှုကြောင်းအရ တရားစွဲဆိုသည့်အမှုများတွင် တရားရုံးသို့ အမှုမတင်မီ အမှုတည်ဆောက်သော အပိုင်းသည် တရားစွဲအဖွဲ့အစည်းနှင့် သက်ဆိုင်ပါကြောင်း၊ အမှုကို တရားရုံးသို့တင်သည့်အခါတွင် အမှုကိစ္စသည် တရားရုံးနှင့်သက်ဆိုင်ပါကြောင်း၊ ပြစ်မှုကြောင်းအရ တရားစွဲရန် သင့်/မသင့်ကိစ္စနှင့်စပ်လျဉ်း၍ အမှုတည်ဆောက်ရာတွင်လည်းကောင်း၊ တရားစွဲဆိုစစ်ဆေးသည့်အခါတွင်လည်းကောင်း စစ်ဆေးခွင့်ရကြပါကြောင်း၊ တရားမကြောင်းအရ စွဲဆိုရမည့်ကိစ္စဖြစ်ပါလျက် ပြစ်မှုကြောင်းအရ စွဲဆိုနေခြင်းမျိုး မဖြစ်ပေါ်စေရေးနှင့် ထိုသို့စွဲဆိုခြင်းဖြင့် စွပ်စွဲခံရသူများအတွက် မလိုအပ်ဘဲ ဖြေရှင်းစေရမည့်ကိစ္စရပ်မျိုး မဖြစ်ပေါ်စေရန် တရားရုံးများအပိုင်းက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၆)ခုကို မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး၏ **နတ်မောက်-မကွေး ဆက်သွယ်သော လမ်းပိုင်းမှ သက်ကယ်ကျင်းချောင်းနှင့် တံခွန်တိုင်ချောင်း၊ နတ်မောက်-ပျော်ဘွယ် ဆက်သွယ်ထားသော လမ်းပိုင်းမှ ဝါးခုတ်ချောင်းနှင့်ကျွဲမကျချောင်းတို့သည် နွေအခါ၌ပင် သဲကျုံသဲနစ်သောချောင်းများဖြစ်ကြပြီး ၄င်းချောင်းများအတွက် ကွန်ကရစ်ရေကျော်များ အဆင့်တိုးမြှင့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်အတွင်း ပျော်ဘွယ်-ရွာမွန်-နတ်မောက်-မကွေး (ကံပြား)လမ်းမှ နတ်မောက်-မကွေးလမ်းပိုင်းတွင်ရှိသည့် အကျယ်ပေ(၁၀၀)ရှိ သက်ကယ်ကျင်းချောင်း၊ အကျယ်ပေ(၇၀၀)ရှိ တံခွန်တိုင်ချောင်း (ရေယိုချောင်း)နှင့် နတ်မောက်-ပျော်ဘွယ်လမ်းပိုင်းတွင် အကျယ်ပေ(၆၀၀)ရှိ ဝါးခုတ်ချောင်း၊ အကျယ်ပေ(၁၀၀၀)ရှိ ကျွဲမကျချောင်းတို့ရှိပါကြောင်း၊ အဆိုပါချောင်းများသည် သဲချောင်းများဖြစ်ပြီး မိုးတွင်းအခါ ချောင်းရေကျချိန်တွင် ယာဉ်များစောင့်ဆိုင်းသွားလာနေရပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသော ပျော်ဘွယ်-ရွာမွန်-နတ်မောက်-မကွေး(ကံပြား)လမ်း(၉၁)မိုင် (၄)ဖာလုံအား (၃၄)ပေအကျယ်လမ်းချဲ့ခြင်း၊ (၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့် တိုးတက်ပြုပြင်ခြင်းတို့ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။**

ဆောက်လုပ်ပေးခဲ့

လမ်းအဆင့်မြှင့်တင်ခြင်းနှင့်တစ်ပြိုင်တည်း ရေပြွန်(၂)စင်း၊ ကွန်ကရစ်ရေကျော်(၆)ခုကိုလည်း ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ အဆိုပါလမ်းမိုင်တိုင်(၄၇/၁)ရှိ ကျားထူးချောင်းတွင် အရှည်ပေ(၄၈၀)ရှိသည့် သံကူကွန်ကရစ်တံတားကိုလည်း ဆောက်လုပ်ပေးလျက်ရှိရာ ယနေ့ဆိုလျှင် (၅၃)ရာခိုင်နှုန်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ နတ်မောက်-ပျော်ဘွယ်အပိုင်းမှ အကျယ်(၅၅၃)ပေရှိ ဝါးခုတ်ချောင်းရေကျော်ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် တည်ဆောက်ပေးလျက်ရှိရာ (၆၀)ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် သက်ကယ်ကျင်းချောင်း၊ တံခွန်တိုင်ချောင်းနှင့် ကျွဲမကျချောင်းများကို ကွန်ကရစ်ရေကျော်များ တည်ဆောက်ရန်အတွက် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆောက်လုပ်ရေး ဝန် ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦး ခင် မောင် မြင့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၏ **ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားမဆောက်ရသေးသောချောင်းများဖြစ်သည့် စော်မော်ချောင်း၊ နားရခေါင်ချောင်း၊ နတ်မဟုတ်ချောင်း၊ ခွန်တန်းချောင်း၊ နန့်သဲချောင်း၊ ကွန်းချောင်းနှင့် အိုက်မချောင်းတို့ပေါ်တွင် တံတားတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုမြို့မှ ကချင်ပြည်နယ်နယ်စပ် နမ့်စီအောင်အထိ (၁၆၈)မိုင်ရှိပါကြောင်း၊ အဆိုပါ လမ်းမိုင်(၁၆၈)မိုင်အတွင်း ရေပြွန်နှင့်တံတား စုစုပေါင်း(၈၅၁)စင်းရှိပါကြောင်း၊ တံတားအရေအတွက် များပြားခြင်းကြောင့် သံကူကွန်ကရစ်တံတား၊ ဘေလီတံတား၊ သစ်သားတံတား၊ ရေပြွန်တံတားများ ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ အချို့ချောင်းများကိုလည်း ရေကျော်များအဖြစ် ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ယခင်ဆောက်လုပ်ပြီးသော တံတားနှင့် ရေပြွန်စုစုပေါင်း (၈၅၁)စင်းတို့အနက် ဘေလီနှင့် သစ်သားတံတားများသည် တည်ဆောက်ချိန် (၁၅)နှစ် ကျော်ကြာမြင့်ပြီဖြစ်သဖြင့် ပျက်စီးမှုများရှိရာ ပြင်ဆင်ရန်တံတား (၆၅)စင်းနှင့် အဆင့်မြှင့်ဆောက်လုပ်ရန် တံတား(၁၂)စင်း ရှိပါကြောင်း။

ရွှေဘို-မြစ်ကြီးနားလမ်း စစ်ကိုင်းတိုင်းဒေသကြီးအပိုင်းတွင် တံတားမဆောက်ရသေးသော ချောင်းကြီး (၈)ချောင်းအနက်မှ အရှည်ပေ(၂၀၀)ရှိ ခွန်တန်းချောင်း၊ အရှည်ပေ(၅၀၀)ရှိ နတ်မဟုတ်ကြီးချောင်းနှင့် အရှည်ပေ(၁၂၀)ရှိ လွှဲဆိပ်ချောင်းတို့အား တံတားအဖြစ်တည်ဆောက်ပြီး ကျန်ချောင်း(၅)ချောင်းဖြစ်သော အရှည်ပေ(၁၅၀)ရှိ အိုက်မချောင်း၊ အရှည်ပေ(၃၀၀)ရှိ ကွန်းချောင်း၊ အရှည်ပေ(၂၀၀)ရှိ နန့်သဲချောင်း၊ အရှည်ပေ(၃၅၀)ရှိ နားရခေါင်ချောင်းနှင့် အရှည်ပေ(၃၀၀)ရှိ စော်မော်ချောင်းတို့အား ရေကျော်များအဖြစ် ဆောင်ရွက်ရန် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များသတ်မှတ်ပြီး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့်ဖြေကြားသည်။

တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး ရေဦး၊ တန့်ဆည်၊ ကလေးဝမြို့နယ်များကို ဖြတ်သန်းဖောက်လုပ်ထားသည့် ရေဦး-တန့်ဆည်-ကလေးဝလမ်းအရှည်မှာ(၁၀၅)မိုင်(၄)ဖာလုံရှိပြီး လမ်းမကြီးသည် ပျက်စီးယိုယွင်းနေပါသဖြင့် ရေဦး-တန့်ဆည်-ကလေးဝလမ်းမကြီး ပိုမိုကောင်းမွန်ပြီး အချိန်မရွေးသွားလာနိုင်အောင် လမ်းပိုင်းအဆင့်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရေဦး-တန့်ဆည်-ကလေးဝလမ်းမကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့၊ ဖန်းခါးစင်၊ တန့်ဆည်၊ ကဒူးမ၊ တောကျင်တို့ကို ဖြတ်သန်း၍ ကလေးခရိုင် ပျဉ်ကိုင်း၊ သက္ကယ်ကျင်း၊ အောင်ချမ်းသာ၊ ကိုင်းရွာမှတစ်ဆင့် ကလေးဝမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဖြစ်ပြီး (၁၀၅)မိုင် (၄)ဖာလုံ ရှည်လျားပါကြောင်း၊ ၎င်းလမ်းပိုင်းသည် အရှေ့-အနောက် ဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် မုံရွာ-ရေဦး-တန့်ဆည်-ကလေးဝလမ်းအပိုင်းတွင် ပါဝင်ပါကြောင်း၊ ရေဦး-တန့်ဆည်-ကလေးဝလမ်းသည် မူလက ကောင်းမွန်သည့် လမ်းအခြေအနေရှိသော်လည်း သစ်တင်ကား အသွားအလာများသည့်အတွက် မိုင်(၁၃/၀)(တန့်ဆည်)နှင့် မိုင်(၈၃/၀) (သက္ကယ်ကျင်း) အပိုင်းတွင် လမ်းပုံစံလုံးဝပျောက်သွားပြီး မြေလမ်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မိုးတွင်းတွင် ဗွက်ထပြီး ဆိုးရွားစွာ ပျက်စီးလျက်ရှိပါကြောင်း၊ ယာဉ်သွားလာမှု အဆင်ပြေစေရန် နှစ်စဉ်ပွင့်လင်းရာသီရောက်တိုင်း မြေညှိစက်ဖြင့်ညှိပြီး ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ညှိနှိုင်းဆွေးနွေး

၈-၇-၂၀၁၁ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာ့သစ်လုပ်ငန်းအစည်းအဝေး၌ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် သစ်ထုတ်ရာသီတွင် သစ်များအား ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ယာယီသစ်သယ်လမ်းကြောင်း ရှာဖွေဖောက်လုပ်ပြီး ချင်းတွင်းမြစ်ကြောင်းအတိုင်းသယ်ယူရန်၊ မြစ်ကြောင်းမှတစ်ဆင့် မီးရထားလမ်းကြောင်းတို့ကို အများဆုံးအသုံးပြုပြီးသယ်ပို့သွားရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများကို မလွှဲမရှောင်သာမှသာ အနည်းဆုံးသွားလာအသုံးပြုရန်နှင့် အသုံးပြုပါကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်း၏ဘေး ယာယီသစ်သယ်လမ်းဖောက်၍ သယ်ဆောင်သွားရန်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်နိုင်မှလည်း လမ်းတာပေါင်တင်ခြင်း၊ လမ်းပုံဖော်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများတင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမဲဆန္ဒနယ်တွင် လမ်းတံတား အခွန်ကောက်ခံသောလုပ်ငန်းရှင်များသည် ခွင့်ပြုတန်ချိန်ထက်ကျော်လွန်၍ တင်ဆောင်ဖြတ်သန်းနေသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော ကောက်ခံကြေးများထက်ပိုမိုကောက်ယူနေပြီး စည်းကမ်းမဲ့ ဆောင်ရွက်နေမှုကြောင့် လမ်းတံတားပျက်စီးကာ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါကြောင်း၊ ယင်းသို့ဆောင်ရွက်နေမှုကို မည်သို့ အရေးယူဆောင်ရွက်ပေးမည်နှင့် ယခုထက်လွယ်ကူရှင်းလင်းသော လမ်းတံတားကြေး ကောက်ခံမှုများဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးအပ်ထားသော လမ်းတံတားဂိတ် (၂၆၁)ဂိတ်ရှိပါကြောင်း၊ အဆိုပါလမ်းတံတားဂိတ်များကို ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကကြီးမှူး၍ ၂၀၁၁ ခုနှစ် မတ်လတွင် လေလံလုပ်ကိုင်ခွင့်ပေးအပ်ခဲ့ပါကြောင်း၊ လေလံလုပ်ကိုင်ခွင့်ရရှိပါက နိုင်ငံတော်သို့ လေလံကြေးပေးသွင်းခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ပြီးမှ လမ်းတံတားအသုံးပြုခ ကောက်ခံခွင့်ပေးအပ်ခြင်းဖြစ်ပါကြောင်း။

လမ်းတံတားလေလံစာချုပ်များတွင် ကောက်ခံရမည့်နှုန်းများအား ထည့်သွင်းချုပ်ဆိုထားပြီး ပိုမိုကောက်ခံပါက အရေးယူဆောင်ရွက်မည့်အချက်များပါ ထည့်သွင်းချုပ်ဆိုပါကြောင်း၊ ထို့ပြင် ၁၂-၅-၂၀၁၁ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်အတွက် လေလံလုပ်ငန်းရှင်များအား ခေါ်ယူ၍ လမ်းတံတားအသုံးပြုခများ ပိုမိုကောက်ခံပါက ပထမအကြိမ်သတိပေးခြင်း၊ ဒုတိယအကြိမ် ပိုမိုကောက်ခံပါက စစ်ဆေး၍ မှန်ကန်လျှင် ကောက်ခံခွင့်(၁)လသိမ်းယူ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဝင်ရောက်ကောက်ခံပြီး လေလံရသူသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပါကြောင်း၊ တတိယအကြိမ် သတ်မှတ်နှုန်းထားထက်ကျော်လွန်ကောက်ခံပါက ကောက်ခံခွင့်အား ၎င်းဘဏ္ဍာနှစ်အတွက် အပြီးရုပ်သိမ်းမည်ဖြစ်သည်ကို ရှင်းလင်းပြောကြား သတိပေးခဲ့ပါကြောင်း။

ပညာပေးဆောင်ရွက်

သို့သော် အချို့သော လမ်းတံတားဂိတ်များသည် သတ်မှတ်နှုန်းထားထက် ပိုမိုကျော်လွန်ကောက်ခံနေသဖြင့် လမ်းတံတားဂိတ်(၂၁)ဂိတ်အား (၁)လပိတ်သိမ်း အရေးယူခဲ့ပါကြောင်း၊ လမ်းတံတားပျက်စီးမှုနည်းစေရန် စည်းမဲ့ကမ်းမဲ့ တန်ပိုမိုတင်ဆောင်နေကြသော တန်ပိုယာဉ်များအား အာဆီယံစံချိန်စံညွှန်းနှင့်အညီ ကုန်တင်ယာဉ်များ၏ ဝင်ရိုးအလိုက်(ယာဉ်+ကုန်) အလေးချိန် သတ်မှတ်ချက်များအတိုင်း တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ အစီအစဉ်အရလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းတံတား လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၏ အစီအစဉ်အရလည်းကောင်း တားဆီး၍ အရေးယူ ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းအသုံးပြုခကောက်ခံနှုန်းများသည် ၁၉၉၇ ခုနှစ် ဇူလိုင်မှစတင်၍ သတ်မှတ်ခဲ့သောနှုန်းထားများဖြစ်ပြီး ၂၀၁၁ခုနှစ်အထိ (၁၄)နှစ်တာကာလအတွင်း ပြောင်းလဲကောက်ခံခြင်းမရှိခဲ့ပါကြောင်း၊ ထို့အတူ တံတားတွင် သာမန်တံတားနှင့် စီမံကိန်းဝင်တံတားဟူ၍ (၂)မျိုးသတ်မှတ်ထားပြီး တံတားအသုံးပြုခ ကောက်ခံနှုန်းထား (၂) မျိုးသည်လည်း ၂၀၀၄ ခုနှစ် မေလမှစ၍ သတ်မှတ်ခဲ့သောနှုန်းထားဖြစ်ပြီး ၂၀၁၁ ခုနှစ်အထိ (၇)နှစ်တာကာလအတွင်း ပြောင်းလဲကောက်ခံခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယခုအခါ လမ်းတံတား အသုံးပြုခကောက်ခံနှုန်းများအနေဖြင့် ကိုယ်ပိုင်ယာဉ်ငယ်များအတွက် လမ်းအသုံးပြုခကို (၁)မိုင်လျှင် အခြေခံဈေးနှုန်း(၂)ကျပ်နှုန်းဖြင့်လည်းကောင်း၊ သာမန်တံတားအသုံးပြုခကို တစ်စီးလျှင်အခြေခံဈေးနှုန်း ကျပ် (၅၀)နှုန်းဖြင့်လည်းကောင်း၊ စီမံကိန်းဝင်တံတားအသုံးပြုခကို တစ်စီးလျှင် အခြေခံဈေးနှုန်း ကျပ်(၁၀၀)နှုန်းဖြင့်လည်းကောင်း ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ပေးသည့်အပြင် နှုန်းထားအသစ်တွင်

တန့်ဆည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် မေးမြန်းစဉ်။
(သတင်းစဉ်)

ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း မေးမြန်းစဉ်။
(သတင်းစဉ်)

ကား၏ဝင်ရိုးအရေအတွက်၊ သတ်မှတ်အလေးချိန်အပေါ်မူတည်ကာ တွက်ချက်ထားပါကြောင်း၊ တင်ပြပါလေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသော လမ်း/တံတားဂိတ်များတွင် ကောက်ခံမည့်နှုန်းသစ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏အတည်ပြုချက်ရရှိထားပြီးဖြစ်ပါကြောင်း၊ ယခင်နှုန်းဟောင်းများထက် ပိုမိုလွယ်ကူရှင်းလင်းသောစနစ်ဖြစ်ပြီး လမ်း/တံတားအသုံးပြုခများကိုလည်း စတင်ကောက်ခံသွားမည် ဖြစ်ပါကြောင်း။

အကယ်၍လမ်းအသုံးပြုခကောက်ခံရာတွင် ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်လာသောကုန်များအတွက် ဒဏ်ကြေးထပ်ရိုက်ပြီး ပေးဆောင်သွားစေမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်သူ့အကျိုးအတွက် အပိုထပ်ဆောင်းယာယီခွင့်ပြုထားသော တန်ချိန်တင်ဆောင်လာပါက သတ်မှတ်ဝင်ရိုးအရေအတွက်နှင့် ယာဉ်အမျိုးအစားအလိုက် တစ်မိုင်သတ်မှတ်ထားသောနှုန်း၏ သုံးဆကောက်ခံသွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ယာယီထပ်ဆောင်းခွင့်ပြုထားသော တန်ချိန်ထက် ပိုမိုတင်ဆောင်လာပါက သတ်မှတ်နှုန်းထားထက် (၁၀)ဆ ကောက်ခံသွားမည်ဖြစ်ပါကြောင်း။

ကတ္တရာလမ်းမကြီးများနှင့်ပတ်သက်၍ (၁၀)နှစ်ခံဆောင်ရွက်ထားသော်လည်း တန်ပိုယာဉ်များသွားလာမှုကြောင့် (၁၀)နှစ်ခံလမ်းသည် (၁၀)လနှင့်ပျက်ရသည့်အထိဖြစ်လာပါကြောင်း၊ သတ်မှတ်ကာလ မရောက်မီ လမ်းများပျက်စီးမှုသည် နိုင်ငံတော်အတွက်များစွာဆုံးရှုံးရပါကြောင်း၊ နိုင်ငံတော်က တည်ဆောက်ထားသော လမ်းများရေရှည်အသုံးပြုနိုင်ရန် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း ပြည်သူများကလည်း လိုက်နာဆောင်ရွက်သင့်ပါကြောင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **သံဖြူဇရပ်မှ ရေးမြို့အထိအသုံးပြုနေသော မော်တော်ကားလမ်းကိုပြုပြင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရေးမြို့နယ်အတွင်းမှာပင် ဂိတ်ကြေး(၅)ဂိတ်ခန့် စဉ်ဆက်မပြတ်ကောက်ခံလျက်ရှိနေသည့်အတွက် ၎င်းကောက်ခံရရှိသော ဂိတ်ကြေးများကို လမ်းပြုပြင်ခြင်းမရှိဘဲ မည်သည့်နေရာတွင် အသုံးပြုနေသည်ကိုသိရှိလိုပါကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် သံဖြူဇရပ်-ရေးလမ်းအပိုင်းသည် (၅၆)မိုင်(၂)ဖာလုံ ရှည်လျားပြီး ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ မော်လမြိုင်-ရေး-မလွှဲတောင်အပိုင်း လမ်းမိုင်အရှည် (၁၁၂)မိုင် (၆)ဖာလုံကို အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ ၁၆-၃-၂၀၁၁ရက်နေ့မှစတင်၍ ဘီအိုတီစနစ်ဖြင့် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့်အဆင့်မြှင့်တည်ဆောက်နိုင်ရန် လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ လက်ရှိအခြေအနေ၌ သံဖြူဇရပ်မှ ရေးအပိုင်းတွင် လမ်းပျက်စီးမှု ပိုမိုဖြစ်ပေါ်နေသည်ကို *စာမျက်နှာ ၇ ကော်လံ ၁*

စာမျက်နှာ ၆ မှ

လမ်းစစ်ဆေးချက်များအရ သိရှိရပြီး သံဖြူဇရပ်-ရေးအပိုင်းကို စနစ်တကျ ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် ပျက်စီးမှုများကို အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်နယ်အင်ဂျင်နီယာမှူးကြီးအား ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်ချက်များကို စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် ညွှန်ကြားထားပါကြောင်း။

သံဖြူဇရပ်-ရေးအပိုင်းသည် မူလလမ်းတာပေါင်အကျယ် ပျမ်းမျှပေ(၂၀)ခန့်သာရှိသည့်အတွက် (၂၄)ပေအကျယ်ကတ္တရာလမ်း၏ အနည်းဆုံးလမ်းတာပေါင်အကျယ်မြေပြန့်တွင်ပေ(၄၀)နှင့် တောင်ပေါ်တွင်(၃၄)ပေဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မူလလမ်းအကျယ်(၁၂)ပေအား တန်(၆၀)ခံ လမ်းလွှာပုံစံနှင့် လမ်းသစ်(၁၂)ပေ ထပ်မံတိုးချဲ့ရမည်ဖြစ်ပြီး မူလလမ်းဟောင်းအား ချောမွေ့စွာ သွားလာနိုင်ရေးအတွက်ကိုပါ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးအနေဖြင့် ဆောင်ရွက်ရသည့် မိုင်ပမာဏများခြင်း၊ မိုးရွာသွန်းမှု ပမာဏများခြင်း၊ မူလလမ်း၏လမ်းလွှာအားနည်းခြင်း၊ အောက်ခံမြေသား အားနည်းခြင်း၊ နယ်မြေဒေသ၏ လုံခြုံရေးအခြေအနေအားနည်းခြင်း၊ တည်ဆောက်ချိန်ကာလ(၁)နှစ်နှင့် (၆)လသာရှိခြင်း အစရှိသည့်အကြောင်းများကြောင့် လမ်းပျက်စီးမှုများပြားခဲ့ရခြင်းဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက နိမ့်ကျွံချိုင့်ပေါက်ကြီးများနှင့် လမ်းပေါက်များအား ကျောက်သဲဖြည့်၍ ခင်းကြိတ်ခြင်းနှင့် ကြိုတင်ရောကျောက်ကတ္တရာဖြင့် ဖာထေးခြင်းလုပ်ငန်းများကို ၂-၉-၂၀၁၁ရက်နေ့တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ယာဉ်များ ချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်ပါကြောင်း။

ပွင့်လင်းရာသီတွင် သဲကျောက်များနှင့် ပြင်ဆင်ထားသော လမ်းပေါက်များကို ခွဲကျောက်ခင်းကြိတ်၍ ကတ္တရာလောင်းပြီး ပြင်ဆင်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လမ်းပြင်ဆင်ရန် ကတ္တရာများ စုဆောင်းပြီးစီးပြီး ခွဲကျောက်များ ပြည့်ဝစွာရရှိရန် မလွှဲတောင်ကျောက်မိုင်းတွင် ကျောက်ထုတ်လုပ်စုဆောင်းလျက်ရှိပါကြောင်း၊ သံဖြူဇရပ်နှင့်ရေးလမ်းအပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် လမ်းအသုံးပြုခ ကောက်ခံရေးစခန်းဂိတ်(၁)ဂိတ်နှင့် တံတားအသုံးပြုခ ကောက်ခံရေးစခန်း ဂိတ်(၁)ဂိတ် စုစုပေါင်း(၂)ဂိတ်သာရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သောဂိတ်သည် လေလံဂိတ်ဖြစ်၍ လေလံအောင်ကြေးများကို နိုင်ငံတော်သို့ပေးသွင်းပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့်ဂိတ်များ၏ကောက်ခံရငွေသည် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ခြင်းမရှိပါကြောင်း၊ မော်လမြိုင်-သံဖြူဇရပ်-ရေးအပိုင်းအား ဘီအိုတီစနစ်ဖြင့်ဆောင်ရွက်လျက်ရှိသည့် အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်းကောင်း တွေ့ဆုံပြီး ချောမွေ့စွာသွားလာနိုင်ရေးနှင့်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် တွန်းအားပေးညွှန်ကြားလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့အနောက်ဘက် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးနှင့် ပျော်ဘွယ်-နတ်မောက်-မကွေး လမ်းဆုံရာတွင် အဝေးပြေးလမ်းမကြီးသို့ သွားလာ၍မရအောင် ပိတ်ဆို့ထားပါသဖြင့်**

ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

လှိုင်းဘွဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အခြားမြို့များကဲ့သို့ လမ်း(၂)ခုကို ဆက်သွယ်ပေးထားလျှင် ပြည်သူလူထုများအတွက် အဆင်ပြေနိုင်သောကြောင့် ဆက်သွယ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ **ပျော်ဘွယ်မြို့အနောက်ဘက် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးနှင့် ပျော်ဘွယ်-နတ်မောက်-မကွေးလမ်းဆုံသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်(၂၆၂/၂)နှင့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်လမ်း မိုင်တိုင်(၁၇/၅)တို့ ဆုံရာနေရာတွင် တည်ရှိပါကြောင်း၊ လမ်းဆုံနေရာတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်သို့ ပျော်ဘွယ်-ရွာမွန်-နတ်မောက်လမ်းနှင့် ဆက်သွယ်လျက်ရှိသည့် အတက်အဆင်းလမ်းများ တည်ဆောက်ရန် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ ပျော်ဘွယ်ဘက်သို့ အတက်အဆင်းလမ်းအား ပေ(၅၀)အကျယ် အရှည်(၉၃၅)ပေ ကွန်ကရစ်လမ်းသစ် တည်ဆောက်ရန်နှင့် နတ်မောက်ဘက်သို့ အတက်အဆင်းလမ်းကို ပေ(၅၀)အကျယ် အရှည်ပေ(၉၀၀)ရှိသည့် ကွန်ကရစ်လမ်းသစ် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ အမြန်လမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ်ရမည်ဖြစ်သဖြင့် မြေသားတာပေါင်အမြင့် ပျမ်းမျှပေ(၄၀)ခန့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း။**

စံချိန်စံညွှန်း

ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အနေဖြင့် ပထမအဆင့် မြေသားတာပေါင်အား ခိုင်မာမှုရှိစေရန် အလွှာလိုက် ခင်းကြိတ်တည်ဆောက်ပြီး တည်ငြိမ်သောသတ်မှတ်တာပေါင်အကျယ်နှင့်လမ်းပုံစံရရှိရန် မြေသားပြုပြင်ပြီးပါက (၆)လက်မထု အခြေခံလွှာကွန်ကရစ်ခင်းခြင်းနှင့် ၎င်းအပေါ်တွင်(၁၂)လက်မထု ကွန်ကရစ်ထပ်ပိုးလွှာ ပေ(၅၀)အကျယ်ခင်း၍ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိုးများသော ကာလတွင် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းကုန်ကျစရိတ်ပိုမိုလာမည်ဖြစ်သည့်အတွက် အင်ဂျင်နီယာစံချိန်စံညွှန်း သတ်မှတ်ချက်ပြည့်မီစွာရရှိစေရန် ပွင့်လင်းရာသီ မိုးလေဝသကောင်းသောအချိန်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၁ခုနှစ် နိုဝင်ဘာလဆန်းပိုင်းခန့်တွင် လုပ်ငန်းစတင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်ကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး၏ **မန္တလေး-မြစ်ကြီးနား ရထားစင်းရေတိုးချဲ့ပြေးဆွဲပေးခဲ့သော်လည်း ရထားသံလမ်းများကြံ့ခိုင်မှုမရှိခြင်း၊ ရထားတွဲများ အရည်အသွေးအဆင့်အတန်းပြည့်မီမှု အားနည်းခြင်းတို့ကြောင့် ရထားခုတ်မောင်းနေစဉ်အတွင်း မီးရထားတွဲများ ဘယ်ညာယိမ်းထိုးလှုပ်ယမ်းနေခြင်း၊ အထက်အောက်ခုန်တက်နေခြင်း၊ တစ်ခါတစ်ရံ ရထားတွဲများ ပြတ်ကျကျန်ရစ်ခြင်း၊ မကြာခဏ မီးရထားတွဲများ တွဲချော်တိမ်းမှောက်ခြင်းများဖြစ်ပွားနေသည့်အတွက် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်းနှင့် မီးရထားတွဲများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မန္တလေး-မြစ်ကြီးနားရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း(၃၅၀)ခွင့်ပြုချက်ရရှိသဖြင့် ဦးစားပေးလုပ်ငန်းအလိုက် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းလမ်းပိုင်းတွင် ဦးစားပေးအရ မဲဇာ-ဘုံချောင်းရထားလမ်းပိုင်းကို တစ်နှစ်ပတ်လုံး စိတ်ချလက်ချ သွားလာနိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ကွေ့(၅)ကွေ့အား အကြီးစားပြုပြင်ခြင်း၊ (၇၅)ပေါင် သံလမ်းအသစ်များဖြင့်လဲလှယ်ခြင်း၊ (၆)ပေအကျယ် Box Culvert ရေထွက်ပေါက်များတည်ဆောက်ခြင်း၊ လမ်းခင်းကျောက်ဖြည့်၍ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခုနှစ်မိုးမကျမီကပင် ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိတွင်လည်း ကွန်ကရစ်ဇလီဖားနှင့် လမ်းခင်းကျောက် ထပ်မံဖြည့်တင်းသည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

မဲဇာ-ဘုံချောင်း ရထားလမ်းပိုင်းသည် တောင်တက်၊ တောင်ဆင်း ဆင်ခြေလျှောမတ်စောက်ခြင်း၊ အက်စ်ပုံသဏ္ဌာန်ကွေ့များအပါအဝင် ကွေ့(၃၃)ကွေ့ရှိခြင်း၊ မိုးကာလတွင် ရထားလမ်းတာပေါင်များပွဲပါခြင်းများရှိသည့်အတွက် ရာသီမရွေးစိတ်ချစွာ အသုံးပြုနိုင်မည့် လမ်းအူကြောင်း(၁)ခုကိုရှာဖွေပြီး လာမည့်ပွင့်လင်းရာသီတွင် ဖောက်လုပ်နိုင်ရေးလျာထားစီစဉ်လျက်ရှိပါကြောင်း၊ စက်ခေါင်းမောင်းများ၏ တွေ့ရှိချက်များအရ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းသည် ယခင်နှစ်များထက် တိုးတက်ကောင်းမွန်လာသည်ကို သိရှိရပါကြောင်း၊ လမ်းပိုင်းအဓိကအားနည်းချက်သည် သစ်သားဇလီဖား အဆွေးမြန်ခြင်းပင်ဖြစ်ရာ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ထုတ်လုပ်လာသော ကွန်ကရစ်ဇလီဖားများကို ပိုမိုအသုံးပြုပြီး လမ်းပိုင်းကြံ့ခိုင်တောင့်တင်းစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆင့်မြှင့်တင်

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် လက်ရှိပြေးဆွဲနေသည့် လူစီးတွဲများအနက် သတ်မှတ်သက်တမ်း နှစ်(၃၀)ကျော်လွန်နေသည့် လူစီးတွဲများ(၄၅)ရာခိုင်နှုန်းခန့်ရှိနေသဖြင့် သက်တမ်းနုသည့်လူစီးတွဲသစ်များဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ အစားထိုးနိုင်ရေးအတွက် လူစီးတွဲသစ် (၂၁၇)တွဲ ဝယ်ယူရန် ဆောင်ရွက်လျက်ရှိရာ ဝယ်ယူရရှိသည့်အချိန်၌ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် လူစီးတွဲသစ်(၆၀)ကို ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့တွဲသစ်များ အစားမထိုးနိုင်မီကာလတွင် မြန်မာ့မီးရထားအနေဖြင့် တွဲပျက်စီးမှုကြိုတင်ကာကွယ်ခြင်း၊ မွမ်းမံထိန်းသိမ်းမှုအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့က တင်သွင်းခဲ့သော ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **ဓာတ်မြေဩဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက ဆွေးနွေးကြသည်။

မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ဆွေးနွေးရာတွင် မိမိတို့တွင်ရှိသည့် ရေသယံဇာတ၊ လူ့အရင်းအမြစ် သယံဇာတနှင့် သဘာဝအရင်းအမြစ် သယံဇာတတို့ကို အသုံးတည့်အောင် ကိုယ်တိုင်ဖန်တီးလုပ်ဆောင်ကြရမည့် အချိန်ရောက်ရှိပြီဟု ယူဆပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေးက ဆွေးနွေးရာတွင် စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေးသည် အရေးကြီးသကဲ့သို့ သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာသည်လည်း မရှိမဖြစ် အလွန်အရေးကြီးပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်းက ဆွေးနွေးရာတွင်၎င်းအဆိုသည် နိုင်ငံတော်က ဆောင်ရွက်နေသော ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းတွင် အထောက်အကူဖြစ်နေသည့်အတွက် လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေးက ဆွေးနွေးရာတွင် ပြည်တွင်းအဓိကစားသုံးသီးနှံဖြစ်သော ဆန်၊ စပါးနှင့် နိုင်ငံခြားဝင်ငွေရရှိနိုင်သော ပြည်ပပို့ကုန်ပဲမျိုးစုံစသည့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ဆွေးနွေးရာတွင် နှစ်(၅၀)အတွင်း ဒီမိုကရေစီစနစ်ဖြင့် ပေါ်ထွန်းလာသည့် လွှတ်တော်၏ပထမသက်တမ်းနှစ်နှင့်လယ်ကွင်းများ ဓာတ်မြေဩဇာလိုအပ်ချိန်တို့သည် ယခုအခါ တိုက်ဆိုင်နေပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးသည်။

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင်ကဆွေးနွေးရာတွင် လက်ရှိအနေအထားတွင် ဓာတ်မြေဩဇာရရှိရေးသည် တောင်သူလယ်သမားများအတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသော ကိစ္စဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်က ဆွေးနွေးရာတွင် ဈေးနှုန်းသက်သာစွာ ဖြန့်ဝေသည့် အခါတွင် ရခိုင်ပြည်နယ်ရှိ လယ်သမားများအတွက်လည်း များများဖြန့်ဝေပေးပါရန်နှင့်အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်က ဆွေးနွေးရာတွင် ပြည်တွင်းတွင် ဓာတ်မြေဩဇာကို လုံလုံလောက်လောက် ထုတ်လုပ်နိုင်ပြီး တောင်သူလယ်သမားများအား သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ပါက နိုင်ငံတော်၊ ပြည်သူနှင့်တောင်သူလယ်သမားများအတွက် အကျိုးစီးပွားများစွာဖြစ်ထွန်းစေနိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

အရှိန်အဟုန်မြှင့်တင်

ယင်းအဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က **နိုင်ငံတော်၏ လက်ရှိဆန်စပါးသီးနှံအပါအဝင် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် အသုံးပြုလျက်ရှိသော သွင်းအားစုဓာတ်မြေဩဇာပမာဏမှာ စိုက်ဧကစုစုပေါင်းနှင့်နှိုင်းယှဉ်ပါက အချိုးအစားအလွန်နည်းပါးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၀-၂၀၁၁ခုနှစ်တွင် စုစုပေါင်းသီးနှံစိုက်ဧက (၅၈ ဒသမ ၃၆) သန်းရှိသည့်အတွက် ဓာတ်မြေဩဇာသုံးစွဲမှုကိုကြည့်ပါက သီးနှံစိုက်ဧက တစ်ဧကလျှင် (၀ဒသမ၂၈)အိတ်သာ သုံးစွဲနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သွင်းအားစု ဓာတ်မြေဩဇာသုံးစွဲနိုင်မှုသည် အလွန်နည်းပါးနေသည့်အတွက် စပါးအထွက်နှုန်း တိုးတက်မှုနည်းပါးရခြင်း၏အခြေခံအကြောင်းရင်းတစ်ချက် ဖြစ်ပါကြောင်း၊ Input သွင်းအားစု အလုံအလောက်မသုံးနိုင်သည့်အတွက်ကြောင့် Output ထုတ်လုပ်နိုင်မှု ကျဆင်းနေရခြင်းဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆန်စပါးသီးနှံအပါအဝင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ တောင်သူလယ်သမားအသုံးပြုနိုင်ရေး၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ သီးနှံထုတ်လုပ်မှုတိုးတက်စေရန် တောင်သူများ သွင်းအားစုဓာတ်မြေဩဇာများ ထိရောက်စွာအသုံးချနိုင်ရေး လိုအပ်လျက်ရှိနေပါကြောင်း၊ မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲသုံးစွဲစေကာမူ မြေဆီမြေဩဇာ အာဟာရလုံလောက်စွာမပေးနိုင်ပါက စိုက်ပျိုးထားသော သီးနှံ၏အရေအတွက် တိုးတက်ထုတ်လုပ်နိုင်မှု အခွင့်အလမ်း အလွန်နည်းပါးပါကြောင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုမြေဩဇာလိုအပ်ချက်အပေါ်တွင် လက်ငင်း ပြည်ပမှဝယ်ယူ၍ တင်သွင်းခြင်းအပါအဝင် နိုင်ငံတော်၏အရင်းအမြစ် သဘာဝသယံဇာတဖြစ်သော သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအား စိုက်ပျိုးရေးကဏ္ဍအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ယူရီးယားဓာတ်မြေဩဇာကို စက်ရုံတည်ဆောက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်းအားဖြင့် စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင် တိုးတက်စေနိုင်မည်ဖြစ်ပါကြောင်း။**

ဤသို့ဆောင်ရွက်နိုင်ခြင်းအားဖြင့် သီးနှံများ အမှန်ဧကန် ထုတ်လုပ်မှုတိုးတက်လာစေမည်ဖြစ်ပြီး တောင်သူလယ်သမားများ၏ဝင်ငွေကိုလည်း တစ်ဟုန်ထိုးတိုးတက်ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးထားသော သီးနှံအမည်လိုက်ပန်းတိုင်အထွက်နှုန်းများကိုရရှိအောင် တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်သည့်အတွက် ပိုလျှံသောသီးနှံများကို ပြည်ပဈေးကွက်သို့ ခိုင်ခိုင်မာမာ *စာမျက်နှာ ၈ ကော်လံ ၁*

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ရောက်ရှိနေသည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် Mr. Derek Mitchell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ဘက်စုံတွေးခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော မျိုးဆက်သစ်လူငယ်များ ဖြစ်ပေါ်လာရေး လေ့ကျင့်ပေးလျက်ရှိ

✻ ကျော်ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က **“မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မတူခွဲခြားမေးမြန်းနေပါကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းကို တစ်ခုတည်းအဖြစ် ပြောင်းလဲမေးမြန်းရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း”** မေးမြန်းရာ နိုင်ငံတကာတွင် တက္ကသိုလ်ဝင်စာမေးပွဲကို သက်ဆိုင်ရာ တက္ကသိုလ်အလိုက်စစ်ဆေးပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ် ကျောင်းသားဦးရေ တိုးတက်များပြားလျက်ရှိပြီး ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ (၅၁၄၉၆၂)ဦးရှိပါကြောင်း၊ စာမေးပွဲဖြေဆိုသူများပြားလာခြင်းကြောင့် တစ်နေရာတည်းမှ မေးခွန်းများထုတ်၍ မြန်မာနိုင်ငံအနှံ့ဖြန့်ဝေရန် အခက်အခဲရှိပါကြောင်း၊ တက္ကသိုလ်(၁၀)ခုမှ မေးခွန်းထုတ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များသို့ မေးခွန်းဖြန့်ဝေရန် (၂)လခွဲ ဆောင်ရွက်ရပြီး လုပ်ငန်းဆောင်ရွက်ရမှု ပမာဏများပြားပါကြောင်း၊ တက္ကသိုလ်(၁၀)ခုမှ မေးခွန်းများထုတ်သောအခါ ဘာသာရပ်အလိုက်ပါဝင်ရမည့်သင်ခန်းစာ တူညီသတ်မှတ်ထားပြီး လွယ်/သင့်/ခက် ပါဝင်ရမည့်အခန်းများ တူညီမှုရှိသော်လည်း မေးခွန်းမတူညီသည့်အတွက် မေးခွန်းပေါက်ရန်ခက်ခဲပါကြောင်း၊ မေးခွန်းတစ်ခုတည်းထုတ်ပါက မေးခွန်းပေါက်လျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြန်လည်ပြင်ဆင်ရန်အချိန် အခက်အခဲရှိနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **“မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားမြင့်မားရေးကို မည်သို့ဆောင်ရွက်ပေးနေသည်ကို သိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ အခြေခံပညာကျောင်းသား၊ ကျောင်းသူအားလုံး ဘက်စုံပညာပြည့်ဝရေး၊ လူ့တန်ဖိုးနှင့် လူမှုရေးအရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများအဖြစ် ပေါ်ထွန်းလာရေးအတွက် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုဘာသာရပ်များဖြစ်သည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို မသင်မနေရဘာသာရပ်အဖြစ် မူလတန်းအောက်ဆင့် သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်းအထွေထွေဘာသာရပ်တွင်လည်းကောင်း၊ မူလတန်းအထက်ဆင့် တတိယတန်းနှင့်စတုတ္ထတန်း လူမှုရေးဘာသာရပ်တွင်လည်းကောင်း၊ ရက်သတ္တပတ်လျှင် သင်ချိန်(၂)ချိန်နှုန်း သတ်မှတ်၍ လေ့ကျင့်သင်ကြားပေးလျက် ရှိပါကြောင်း။

သတ်မှတ်သင်ကြားပေး

အလားတူ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် အတန်းများတွင် စာရိတ္တနှင့် လောကနီတိဘာသာရပ်နှင့် ပြည်ထောင်စုစိတ်ဓာတ်သင်ခန်းစာများ၊ လူ့အခွင့်အလမ်းသင်ခန်းစာများကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်အဖြစ် ရက်သတ္တပတ်လျှင် သင်ချိန်(၁)ချိန်နှုန်း သတ်မှတ်သင်ကြားပေးလျက် ရှိပါကြောင်း။

အဆိုပါ ဘာသာရပ်နှင့် သင်ခန်းစာများအတွက် ဆရာလက်စွဲများ ပြုစုဖြန့်ဝေထားပါကြောင်း၊ မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားမြင့်မားရေးအတွက် ယင်းသို့သင်ကြားပေးလျက်ရှိသည့်အပြင် နိုင်ငံတော်က လက်ရှိကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေသည့် လက်ရှိသင်ရိုးမာတိကာများကို ပြန်လည်စိစစ်လေ့လာ၍ ပြင်ဆင်ဖြည့်စွက်ပြုစုပြီး လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဆရာ၊ ဆရာမများက အလေးထားလေ့ကျင့်သင်ကြားပေးရန် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က လျှပ်စစ်စွမ်းအားဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ပြန်လည်ဖြေကြားသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက **“ကရင်ပြည်နယ် သံလွင်မြစ်ဝှမ်းတွင်တည်ဆောက်မည့် ဟတ်ကြီးရေအား လျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ၊ ရှိမည်ဆိုပါက စတင်ဆောက်လုပ်မည့်အချိန်၊ ပြီးစီးမည့်အချိန်နှင့် ယင်းစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို ဖာပွန်ခရိုင်အတွင်းရှိ ဖာပွန်မြို့နှင့် ကမမောင်းမြို့နယ်ခွဲအတွက် လျာထားပေးမှု ရှိ /မရှိ သိရှိလိုပါကြောင်း”** မေးမြန်းရာ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ စူးစမ်းလေ့လာမှုများ ပြုလုပ်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာကို ယခင်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ Ministry of Energy တို့ ၃၀-၅-၂၀၀၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ စီမံကိန်းကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI)၊ Joint Venture Build, Operate, Transfer (J.V/B.O.T)စနစ်ဖြင့် အကောင်အထည်ဖော်နိုင်ရေးအတွက် သဘောတူညီမှု စာချွန်လွှာ (Memorandum of Agreement-MOA)ကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံအစိုးရပိုင် EGAT International Co,Ltd.၊ တရုတ်နိုင်ငံအစိုးရပိုင် SINOHYDRO Corporation တို့ ၂၄-၄-၂၀၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

စီမံကိန်းအကောင်အထည်ဖော်မည့်ကုမ္ပဏီများအနေဖြင့် စီမံကိန်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ (Feasibility Study Report-FSR)ကို ၁၀-၁-၂၀၀၈ ရက်နေ့က တင်ပြခဲ့ပြီးဖြစ်သော်လည်း အပြီးသတ်အသေးစိတ်အစီရင်ခံစာအပါအဝင် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုဆိုင်ရာ စိစစ်သုံးသပ်ချက်(Environmental Impact Assessment-EIA)နှင့် လူမှုဘဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆိုင်ရာစိစစ်သုံးသပ်ချက် (Social Impact Assessment-SIA)ဆိုင်ရာ အစီရင်ခံစာများအား တင်ပြနိုင်ရေးအတွက် စူးစမ်းလေ့လာဆောင်ရွက်လျက်ရှိနေဆဲဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မည့်ကုမ္ပဏီများမှ ဖော်ပြပါအစီရင်ခံစာများ ပြုစုတင်ပြလာချိန်တွင် ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းအမှန်တကယ်ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ အပါ

ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ မေးမြန်းစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး မေးမြန်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ဆွေးနွေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အဝင် စီမံကိန်းတည်ဆောက်မှုကြောင့် မြစ်ကြောင်းဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအခြေအနေ၊ လူမှုဘဝထိခိုက်မှုဆိုင်ရာ စိစစ်လေ့လာသုံးသပ်ချက်များကိုပါ ပြည်တွင်းနှင့် ပြည်ပအဖွဲ့အစည်းများ ပူးပေါင်းစုစည်း၍ အသေးစိတ်လေ့လာသွားမည် ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် စီးပွားရေးဆိုင်ရာ တွက်ခြေကိုက်မှု စိစစ်တွက်ချက်ပြီး အသေးစိတ်ဆွေးနွေးကာ လက်ခံနိုင်သော အခြေအနေရှိလျှင် ဖက်စပ်သဘောတူစာချုပ် (Joint Venture Agreement-JVA) ချုပ်ဆိုရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ခွင့် အတည်ပြုချက်ရရှိပါက ဝန်ကြီးဌာနနှင့် စီမံကိန်းအကောင်အထည်ဖော်မည့် ကုမ္ပဏီများနှစ်ဖက်ညှိနှိုင်း၍ စီမံကိန်းကာလသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိ၌ စူးစမ်းလေ့လာဆောင်ရွက်ဆဲအဆင့်ဖြစ်ပါကြောင်းနှင့် အကြီးစားရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည့်အတွက် စီမံကိန်းကာလမှာ စတင်တည်ဆောက်သည့်အချိန်မှ ပြီးစီးသည့်အချိန်အထိ အနည်းဆုံး (၇)နှစ်မှ အများဆုံး(၁၀)နှစ်အထိ ကြာမြင့်နိုင်မည်ဖြစ်ပါကြောင်း။

စီမံဆောင်ရွက်

စီမံကိန်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI) Joint Venture/Build, Operate, Transfer (J.V/B.O.T) စနစ်ဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် Royalty Energy များ ရရှိမည်ဖြစ်သကဲ့သို့ လိုအပ်ပါက နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အားများ ထပ်မံ၍ဝယ်ယူနိုင်ခွင့်ရှိမည် ဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီး၍ ရရှိလာမည့်လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားကွန်ရက်သို့ ပို့လွှတ်၍လည်းကောင်း၊ နီးစပ်ရာမြို့နယ်/မြို့များသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏အစီအမံဖြင့် ပို့လွှတ်၍လည်းကောင်း ဖြန့်ဖြူးသွားနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူက **“မဂ္ဂါဝပ်(၅၀၀) ထုတ်လုပ်နိုင်မည့် ရခိုင်ပြည်နယ်၊ လေးမြို့မြစ် ရေအားလျှပ်စစ်စီမံကိန်းကို တရုတ်ကုမ္ပဏီ Datang (Yunnan)United Hydropower Developing Co,Ltd. က အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း၊ လေးမြို့ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေ၊ ပြီးစီးနိုင်မည့်အချိန်ကာလ၊ စီမံကိန်းအကောင်အထည်ဖော်ပြီးစီးပါက ပြည်ထောင်စုအဆင့် အကျိုးကျေးဇူးများ၊ ရခိုင်ပြည်နယ်အဆင့် အကျိုးကျေးဇူးများနှင့် စီမံကိန်းအကောင်အထည်ဖော်မှုနှင့်နီးသော မြို့နှင့်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်စွမ်း အခြေအနေတို့ကို သိရှိလိုပါကြောင်း”** မေးမြန်းရာ ရခိုင်ပြည်နယ် လေးမြို့မြစ်ပေါ်တွင် အကောင်အထည်ဖော်တည်ဆောက်မည့် လေးမြို့ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ စူးစမ်းလေ့လာမှုများပြုလုပ်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ အစိုးရပိုင်ကုမ္ပဏီတစ်ခုဖြစ်သော Datang (Yunnan) United Hydropower Developing Co,Ltd. (DUHD) တို့ ၇-၁-၂၀၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

စီမံကိန်းဆိုင်ရာစူးစမ်းလေ့လာမှုများအရ လေးမြို့ရေအားလျှပ်စစ်စီမံကိန်းအား လေးမြို့စီမံကိန်း(၆၀၀)မဂ္ဂါဝပ်နှင့် လေးမြို့(၂)စီမံကိန်း (၉၀)မဂ္ဂါဝပ်ဟူ၍ Cascade စီမံကိန်းများအဖြစ် အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းဆိုင်ရာသဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement -MOA)ကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံအစိုးရပိုင်ကုမ္ပဏီတစ်ခုဖြစ်သော China Datang Overseas Investment Co,Ltd. (CDOI)၊ မြန်မာတိုင်းရင်းသားကုမ္ပဏီတစ်ခုဖြစ်သည့် Shwe Taung Hydropower Co, Ltd. တို့ ၁၈-၁-၂၀၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

လေ့လာဆန်းစစ်

လက်ရှိအချိန်၌ စီမံကိန်းအကောင်အထည်ဖော်မည့် ကုမ္ပဏီများအနေဖြင့် လေးမြို့နှင့် လေးမြို့(၂) ရေအားလျှပ်စစ်စီမံကိန်းများ၏ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု (Feasibility Study)အား အသေးစိတ် စူးစမ်းလေ့လာဆောင်ရွက်လျက်ရှိနေဆဲဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မည့် ကုမ္ပဏီများမှ ဖော်ပြပါအစီရင်ခံစာများ ပြုစုတင်ပြလာချိန်တွင် ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းများ အမှန်တကယ်ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ အပါအဝင် စီမံကိန်းများ တည်ဆောက်မှုကြောင့် မြစ်ကြောင်းဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု အခြေအနေ(Environmental Impact Assessment-EIA) များနှင့် လူမှုဘဝထိခိုက်မှုဆိုင်ရာ စိစစ်လေ့လာသုံးသပ်ချက် (Social Impact Assessment-SIA) များကိုပါ ပြည်တွင်းနှင့်ပြည်ပအဖွဲ့အစည်းများ ပူးပေါင်းစုစည်း၍ လေ့လာဆန်းစစ်ဆောင်ရွက်သွားပြီးနောက် နှစ်ဦးနှစ်ဖက်စီးပွားရေးဆိုင်ရာ တွက်ခြေကိုက်မှုများ စိစစ်တွက်ချက်ပြီး အသေးစိတ်ဆွေးနွေးကာ လက်ခံနိုင်သော အခြေအနေရှိလျှင် ဖက်စပ်သဘောတူစာချုပ် (Joint Venture Agreement-JVA)အသီးသီးချုပ်ဆို၍ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ရာတွင် စီမံကိန်းများစတင်တည်ဆောက်ချိန်မှ ပြီးစီးချိန်အထိ(၅)နှစ်ခန့် ကြာမြင့်နိုင်ပါကြောင်း။

စီမံဆောင်ရွက်မည်

စီမံကိန်းများ အကောင်အထည်ဖော်ပြီးစီးပါက တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်သည့် ဓာတ်အား စုစုပေါင်းမှာ(၄၁၁၅)ကီလိုဝပ်နာရီသန်းအထိ ရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံးအနေဖြင့် စီမံကိန်းများမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ရရှိခံစားနိုင်ကြမည်ဖြစ်သကဲ့သို့ စီမံကိန်းဒေသနှင့် နီးစပ်သည့်မြို့များ၊ ကျေးရွာများသို့လည်း လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညိုထွန်းက **“ရခိုင်ပြည်နယ်၊အမ်းမြို့ အထက်ပိုင်း၌ တည်ဆောက်လျက်ရှိသော ကိုးကန့်တန်းရွာ ရေအားလျှပ်စစ်စီမံကိန်းပြီးစီးမည့်အချိန်၊ အမ်းမြို့နှင့်ကျေးရွာအချို့သို့ လျှပ်စစ်မီးဖြန့်ဝေပေးနိုင်မည့်အစီအစဉ်နှင့် အမ်းမြို့ပေါ်ရပ်ကွက်များတွင် ဖြန့်ဝေပေးလျက်ရှိသော လျှပ်စစ်ဓာတ်အားပေးချိန်ထက် ပိုတိုး၍ ဖြန့်ဝေပေးနိုင်မည့်အစီအစဉ်ကို သိရှိလိုပါကြောင်း”** မေးမြန်းရာ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၏ အရှေ့မြောက်ဘက်(၃ ဒသမ ၅) မိုင်အကွာ အမ်းချောင်းပေါ်တွင် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း (၁၀)မဂ္ဂါဝပ်ကို အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကိုယ်တိုင်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းမှ နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့်ဓာတ်အားသည် (၄၄) ကီလိုဝပ်နာရီသန်းပေါင်း ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ယင်းစီမံကိန်းလုပ်ငန်းများကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဇူလိုင်လကုန်အထိ စီမံကိန်းတစ်ခုလုံး၏ (၁၅ ဒသမ ၂၈)ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး နှစ်စဉ်ရရှိသော ဘဏ္ဍာငွေအရ ဘဏ္ဍာရေးနှစ်အလိုက်ပြီးစီးရန် သတ်မှတ်ထားသည့် လုပ်ငန်းပမာဏအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီမံခန့်ခွဲ

အမ်းမြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူဦးရေ (၆၃၈)ဦးရှိပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးထားသော (၂၅၀) ကေဗွီအေ ဓာတ်အားပေးစက်တစ်လုံးနှင့် လျှပ်စစ်ဓာတ်အားပေးလျက် ရှိနေပါကြောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လစဉ်ဒီဇယ်ဆီ (၆၇၅) ဂါလန် ပံ့ပိုးပေးပြီး အဆိုပါထောက်ပံ့ပေးသော ဆီပမာဏဖြင့် (၁)ရက်လျှင် (၂)နာရီခွဲ မီးပေးနိုင်ပါကြောင်း၊ အမ်းမြို့တွင် ပြည်
တိုးမြှင့်ရေးအဖွဲ့ဖွဲ့စည်း၍ (၁)ရက်လျှင်(၃)နာရီမီး
ဒီဇယ်ဆီကို ၎င်းအဖွဲ့က ဝယ်ယူဖြည့်တင်းပေးကာ
အထိ (၃)နာရီမီးပေးရေးဆောင်ရွက်နေသည်ကို
လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင်(၃၀၀)ကျပ်နှုန်း
သို့ တစ်ယူနစ်(၃၅)ကျပ်နှုန်းသွင်းပြီး ကျန်ငွေများကို
ကာ လျှပ်စစ်မီးပေးချိန် တိုးမြှင့်ရေးလုပ်ငန်းများအ
သိရပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့များအ
စွမ်းအားဝန်ကြီးဌာနမှ တစ်ရက်လျှင် (၂)နာရီ ဓာ
ဒီဇယ်ဆီများထောက်ပံ့ပေးပြီး မီးပေးချိန် တိုးမြှင့်
အလိုက် မီးပေးချိန်တိုးမြှင့်ရေးအဖွဲ့များ၊ မီးလင်
ဓာတ်အားပေးချိန်တိုးမြှင့်ရေးလုပ်ငန်းများကို စီ
အမ်းစီမံကိန်းပြီးစီးပါက အမ်းမြို့တွင် (၂၄)နာ
ကြောင်း ဖြင့် ဖြေကြားသည်။

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒ
ခင်ရွှေ တင်သွင်းထားသည့် **“မြန်မာနိုင်ငံအနေ**
နိုင်ငံများနည်းတူ စတော့ဈေးကွက်တစ်ခု (Establ
ket) ထူထောင်နိုင်ရန်အတွက် လိုအပ်သည်မျာ
စီစဉ်ဆောင်ရွက်ထားသင့်ကြောင်း ပြည်ထောင်စုအ
အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒ
က စတော့ဈေးကွက်သည် လူထုလူတန်းစ
ဈေးကွက်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်က
ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု
အထောက်အပံ့ပြုနိုင်ပါကြောင်း၊ ဆင်းရဲသားမှ
ရှယ်ယာဝယ်နိုင်ပါကြောင်း၊ လောင်းကစားမှုတိုက်
အကူပြုနိုင်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလ
မည်ဖြစ်ကြောင်း၊ Financial Reform ပြုလုပ်
ပြောင်းလဲနေသည့်အချိန်တွင် ယင်းဈေးကွက်
အထည်ဖော်နိုင်ရန်လိုအပ်ပါကြောင်းနှင့် အဆိ
ဆွေးနွေးသည်။

ထောက်ခံကြိုဆို

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦး
တွင် AFTA သဘောတူညီမှုအရ အာဆီယံ
ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဆီယံ(၉)နိုင်
စနစ်နှင့် စတော့ဈေးကွက်များဖွင့်လှစ်ဆောင်ရွက်
ကုမ္ပဏီများ၏ စတော့ရှယ်ယာများရောင်းဝယ်ပေ
ပါကြောင်း၊ စတော့အိတ်ချိန်း ပီပီပြင်ပြင်ပေါ်ပေ
ဘဲ ဆောင်ရွက်နေသည့်လုပ်ငန်းများ လျော့နည်း
နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် စတော့အိတ်ချိ
ဖြစ်ပါကြောင်းနှင့် အဆိုကိုထောက်ခံကြိုဆိုပါ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ
ဈေးကွက်ကို လူများသိရှိနားလည်ရန်လိုအပ်ပါ
နိုင်ငံဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု လူနေမှုမြင့်မား
ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် မိမိနိုင်ငံ၏ စီးပွ
နိုင်ပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်း

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွ
ဝန်ကြီး ဦးလှထွန်းက **ငွေရေးကြေးရေးအဖွဲ့အစည်**
များနှင့် လုပ်ငန်းအတွက် အရင်းအနှီးလိုအပ်သူမျ
ပေးသော ကြားခံအဖွဲ့အစည်းများဖြစ်ကြပါကြောင်
ငွေများကို ရယူစုစည်းပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍသို
ခွဲဝေဖြန့်ဖြူးပေးခြင်းဖြင့် စုဆောင်းသူနှင့် ရင်းနှီးမြှ
ဖြစ်ထွန်းစေရုံသာမက အလုပ်အကိုင်အခွင့်အလမ်း
ခြင်း၊ လူသားအရင်းအမြစ်ကိုဖြစ်ထွန်းစေခြင်း၊
မြင့်မားစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိ
တိုးတက်မှုအတွက် အထောက်အကူရရှိစေပါကြေ
လိုအပ်သောငွေကြေးအရင်းအနှီးများအနက် ကာ
ငွေကြေးဈေးကွက်(အထူးသဖြင့် ဘဏ်ချေးငွေများ)
ရှည်ငွေကြေးအရင်းအနှီးများကိုမူ အရင်းအနှီးဈေ
မရှိသေးပါကြောင်း။

ပိုမိုကျယ်ပြန့်

ဘဏ်ချေးငွေများအတွက် ဘဏ်ကတောင်
တင်သွင်းရသည့်အပြင် သတ်မှတ်သည့်ကာလအ
ရပါကြောင်း၊ ဘဏ်အများစုသည် ကူးသန်းရောင်
ကြောင့် ဘဏ်၏ရပ်တည်မှုအတွက်ကာလတို(၁)နှ
နိုင်ပါကြောင်း၊ ကာလရှည်အသုံးပြုရမည့် လုပ်
သက်ဆိုင်သောကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများဖွဲ့



ပြန်လည်ဖြေကြား

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည် ထောင် စု ဝန် ကြီး ဦး ဇော် မင်း မေး မြန်း ချက်များကို ပြန် လည် ဖြေကြား စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏နိုင်ငံခြားဝင်ငွေများ တိုးတက်ရှာဖွေရရှိစေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ငင်းလိုအပ်လျက်ရှိသော တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့် ဈေးနှုန်းအရပါ စိတ်ချရမည့် ဓာတ်မြေဩဇာများကို နိုင်ငံတော်အစီအမံအားဖြင့်လည်းကောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုအားဖြင့်လည်းကောင်း အဆင့်မီစက်ရုံများ တိုးတက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ရေးလုပ်ငန်းအား ဦးစားပေးအကောင်အထည်ဖော်ပေးရန်အတွက် ဤအဆိုအား ဖြည့်စွက်ထောက်ခံအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် သူရဦးအောင်ကို၏အဆိုကို လွှတ်တော်က ထောက်ခံသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက **ချင်းပြည်နယ်၊ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေး** အဆို၊ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက **ကျေးလက်ဒေသမီးရရှိရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး အက်ဥပဒေကို ပြုစုပြဋ္ဌာန်းရန်** အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆိုများကို စက်တင်ဘာ ၁၃ ရက်(အင်္ဂါနေ့)တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရှိရသည်။

ယမန်နေ့ကတင်သွင်းခဲ့သော ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ၏ **စပါးစိုက်ပျိုးရမည့်ဧရိယာ (မိုးစပါး၊ နွေစပါး)ကို ဥပဒေတစ်ရပ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်း** အဆိုနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၁၂ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြန်လည်ဖြေကြား

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စု ဝန်ကြီး ဦးဇော်မင်း မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပိုငွေလျှံရှိသူများနှင့် လုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်သူများအကြား ပေါင်းစပ်ညှိနှိုင်းပေးသော ကြားခံအဖွဲ့အစည်းများဖြစ်

(၂)နာရီခွဲ မီးပေးနိုင်ပါကြောင်း၊ အမ်းမြို့တွင် ပြည်သူများပါဝင်သော မီးပေးချိန်တိုးမြှင့်ရေးအဖွဲ့ဖွဲ့စည်း၍ (၁)ရက်လျှင်(၃)နာရီမီးပေးနိုင်ရန် ထပ်မံလိုအပ်သော ဒီဇယ်ဆီကို ၎င်းအဖွဲ့က ဝယ်ယူဖြည့်တင်းပေးကာ ညစဉ် ၇ နာရီမှ ည ၁၀ နာရီအထိ (၃)နာရီမီးပေးရေးဆောင်ရွက်နေသည်ကို သိရပါကြောင်း၊ ယင်းအဖွဲ့က လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင်(၃၀၀)ကျပ်နှုန်း ကောက်ခံပါကြောင်း၊ ဌာနသို့ တစ်ယူနစ်(၃၅)ကျပ်နှုန်းသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ်စုဆောင်းထားကာ လျှပ်စစ်မီးပေးချိန် တိုးမြှင့်ရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲနေကြောင်းကို သိရပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့များအတွက် အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တစ်ရက်လျှင် (၂)နာရီ ဓာတ်အားပေးနိုင်ရန် လိုအပ်သော ဒီဇယ်ဆီများထောက်ပံ့ပေးပြီး မီးပေးချိန် တိုးမြှင့်ရန်ကိစ္စများအတွက် ဒေသအလိုက် မီးပေးချိန်တိုးမြှင့်ရေးအဖွဲ့များ၊ မီးလင်းရေးကော်မတီများဖွဲ့စည်း၍ ဓာတ်အားပေးချိန်တိုးမြှင့်ရေးလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိပါကြောင်းနှင့် အမ်းစီမံကိန်းပြီးစီးပါက အမ်းမြို့တွင် (၂၄)နာရီ လျှပ်စစ်မီးရရှိမည် ဖြစ်ကြောင်း ဖြင့် ဖြေကြားသည်။

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းထားသည့် **"မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ စတော့ဈေးကွက်တစ်ခု (Establishment of Stock Market) ထူထောင်နိုင်ရန်အတွက် လိုအပ်သည်များကို ယခုအချိန်မှအစပျိုး၍ စီစဉ်ဆောင်ရွက်ထားသင့်ကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင်က စတော့ဈေးကွက်သည် လူထုလူတန်းစားအားလုံးကိုအကျိုးပြုသည့် ဈေးကွက်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ပါကြောင်း၊ ဆင်းရဲသားများ၊ အငြိမ်းစားများလည်း ရှယ်ယာဝယ်နိုင်ပါကြောင်း၊ လောင်းကစားမှုတိုက်ဖျက်ရေးကိုလည်း အထောက်အကူပြုနိုင်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပွင့်လမ်းလာမည်ဖြစ်ကြောင်း၊ Financial Reform ပြုလုပ်ပြီး ဈေးကွက်စီးပွားရေးစနစ်ပြောင်းလဲနေသည့်အချိန်တွင် ယင်းဈေးကွက်ကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန်လိုအပ်ပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထောက်ခံကြိုဆို

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော်က ၂၀၁၅ ခုနှစ်တွင် AFTA သဘောတူညီမှုအရ အာဆီယံ (၁၀)နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဆီယံ(၉)နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်နှင့် စတော့ဈေးကွက်များဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ အများပိုင်ကုမ္ပဏီများ၏ စတော့ရှယ်ယာများရောင်းဝယ်ပေးရန် စတော့အိတ်ချိန်းလိုအပ်ပါကြောင်း၊ စတော့အိတ်ချိန်း ပီပီပြင်ပြင်ပေါ်ပေါက်လာပါက အခွန်မဆောင်ဘဲ ဆောင်ရွက်နေသည့်လုပ်ငန်းများ လျော့နည်းသွားမည်ဟု ယူဆပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် စတော့အိတ်ချိန်းဖွင့်လှစ်ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်းနှင့် အဆိုကိုထောက်ခံကြိုဆိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်က စတော့ရှယ်ယာဈေးကွက်ကို လူများသိရှိနားလည်ရန်လိုအပ်ပါကြောင်း၊ ယင်းဈေးကွက်သည် နိုင်ငံဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု လူနေမှုမြင့်မားရေးကို အထောက်အကူပြုနိုင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် မိမိနိုင်ငံ၏ စီးပွားရေးအတက်အကျကို သိရှိနိုင်ပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက **ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပိုငွေလျှံရှိသူများနှင့် လုပ်ငန်းအတွက် အရင်းအနှီးလိုအပ်သူများအကြား ပေါင်းစပ်ညှိနှိုင်းပေးသော ကြားခံအဖွဲ့အစည်းများဖြစ်ကြပါကြောင်း၊ စုဆောင်းမှုကဏ္ဍမှ ပိုလျှံငွေများကို ရယူစုစည်းပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍသို့ ထိုငွေအရင်းအမြစ်များကို ခွဲဝေဖြန့်ဖြူးပေးခြင်းဖြင့် စုဆောင်းသူနှင့် ရင်းနှီးမြှုပ်နှံသူနှစ်ဦးစလုံးကို အကျိုးဖြစ်ထွန်းစေရုံသာမက အလုပ်အကိုင်အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနိုင်ခြင်း၊ လူသားအရင်းအမြစ်ကိုဖြစ်ထွန်းစေခြင်း၊ လူနေမှုအဆင့်အတန်းကို ပိုမိုမြင့်မားစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေကာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရရှိစေပါကြောင်း၊ လက်ရှိအခြေအနေတွင် လိုအပ်သောငွေကြေးအရင်းအနှီးများအနက် ကာလတိုငွေကြေးအရင်းအနှီးကို ငွေကြေးဈေးကွက်(အထူးသဖြင့် ဘဏ်ချေးငွေများ)မှ ရရှိနိုင်သော်လည်း ကာလရှည်ငွေကြေးအရင်းအနှီးများကိုမူ အရင်းအနှီးဈေးကွက်မှ ရယူသုံးစွဲနိုင်ခြင်း မရှိသေးပါကြောင်း။**

ပိုမိုကျယ်ပြန့်

ဘဏ်ချေးငွေများအတွက် ဘဏ်ကတောင်းခံသည့် အာမခံပစ္စည်းများ တင်သွင်းရသည့်အပြင် သတ်မှတ်သည့်ကာလအတွင်း ပြန်လည်ပေးဆပ်ကြရပါကြောင်း၊ ဘဏ်အများစုသည် ကူးသန်းရောင်းဝယ်ရေးဘဏ်များဖြစ်သောကြောင့် ဘဏ်၏ရပ်တည်မှုအတွက်ကာလတို(၁)နှစ်ချေးငွေများသာ ထုတ်ချေးနိုင်ပါကြောင်း၊ ကာလရှည်အသုံးပြုရမည့် လုပ်ငန်းများအတွက် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများဖွဲ့စည်း၍ ရှယ်ယာများထုတ်ဝေရောင်းချပါက ဘဏ်မှငွေချေးရယူသကဲ့သို့ အာမခံပစ္စည်းတင်သွင်းရခြင်း၊ သတ်မှတ်သည့်ကာလအတွင်း အတိုးအရင်းပြန်လည်ပေးဆပ်ရခြင်း စသောတာဝန်များမှကင်းလွတ်ပြီးကာလရှည်အရင်းအနှီးရရှိမှုပေါ်တည်မှီ၍လုပ်ငန်းဖွံ့ဖြိုးရန် စီမံခန့်ခွဲနိုင်မည်ဖြစ်ပါကြောင်း၊ အရင်းအနှီးဈေးကွက်တွင် စတော့ဈေးကွက်အပြင် ငွေချေးစာချုပ်ဈေးကွက်များပါဝင်သည့်အတွက် ပိုမိုကျယ်ပြန့်ပါကြောင်း။

အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် စုဆောင်းသူများသည် ဘဏ်အပ်ငွေအတိုးကိုသာ အားထားရခြင်း၊ တရားမဝင်ငွေကြေးဈေးကွက်များတွင် မြှုပ်နှံမိသည့်အတွက် ဆုံးရှုံးကြရခြင်းနှင့် အရင်းအနှီးလိုအပ်သူများအနေဖြင့်လည်း ဘဏ်များမှ ကာလတိုချေးငွေများကိုသာ မှီခိုအားထားရခြင်း စသည့်အခက်အခဲများမှ ကင်းဝေးစေနိုင်သည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်နှင့်စီးပွားရေးလုပ်ငန်းကြီးများအတွက် လိုအပ်သော ကာလရှည်အရင်းအနှီးများကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် လွယ်ကူစွာစုစည်းရယူနိုင်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်မှ ကျခံ သုံးစွဲရန် မလိုအပ်သဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်ဝန်ထုပ်ဝန်ပိုး လျော့ကျစေနိုင်ခြင်း၊ ငွေဖောင်းပွမှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း အရင်းအနှီးဈေးကွက်မှတစ်ဆင့် မှန်ကန်တိကျသော သတင်းအချက်အလက်များကိုရရှိကာ ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းကြီးများတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းကြီးများတွင် ကိုယ်တိုင်ဝင်ရောက်စီမံခန့်ခွဲနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း လိုအပ်သောငွေကြေးအရင်းအနှီးများကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် လွယ်ကူစွာစုစည်းရယူနိုင်ခြင်း၊ မှန်ကန်ပွင့်လင်းသောစနစ်ကြောင့် ထိရောက်သော စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေခြင်း၊ စတော့ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် ပါဝင်လာနိုင်ခြင်း၊ ကုမ္ပဏီ၏အဆင့်အတန်း၊ ဂုဏ်သိက္ခာမြင့်မားလာခြင်း စသည့်အကျိုးကျေးဇူးများကိုလည်းကောင်း ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းတည်ထောင်

မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်သို့ကူးပြောင်းခဲ့ပြီးနောက် ၁၉၉၀ ခုနှစ်မှစ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေး လေ့လာမှုများပြုလုပ်ခဲ့ပါကြောင်း၊ ၁၉၉၃ ခုနှစ်တွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့ (Daiwa Institute of Research)၏ အကူအညီဖြင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်တို့သည် ၁၉၉၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် မြန်မာငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Myanmar Securities Exchange Center Company Limited- MSEC)ကို (၅၀)ရာခိုင်နှုန်းစီပိုင်ဆိုင်သော ဖက်စပ်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် ကာလရှည်အရင်းအနှီးများ အလွယ်တကူရရှိစေရန် ကာလရှည်ရင်းနှီးမြှုပ်နှံလိုသူများအား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ကျယ်ပြန့်စွာဖြစ်ထွန်းရရှိစေရန်၊ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ဘဏ္ဍာရေးအသုံးစရိတ်များကို ပြည်သူလူထု၏ စုဆောင်းငွေဖြင့်အကောင်အထည်ဖော်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌဦးဆောင်သော အရင်းအနှီးဈေးကွက် လေ့လာရေးကော်မတီကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါကြောင်း။

နိုင်ငံတော်၏စီးပွားရေး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် အထောက်အကူပြုနိုင်ရန်နှင့် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်ဖြစ်လာပြီးနောက် အာဆီယံအရင်းအနှီး ဈေးကွက်ဆိုင်ရာဖိုရမ်၏ သတ်မှတ်ထားသည့် Time Frame အတိုင်း မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နိုင်ရန်တို့အတွက်ရည်ရွယ်၍ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဝန်ကြီးချုပ်ရုံး၏ ၂၃-၄-၂၀၀၈ ရက်စွဲပါ စာအမှတ်၊ ၁၈၇/၂၂၈/အဖရ (၂၀၀၈)ဖြင့် ခွင့်ပြုချက်အရ ၁-၇-၂၀၀၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါကြောင်း။

ဖွဲ့စည်း

၎င်းနောက် အဆိုပါကော်မတီကို အထောက်အကူပြုရန်အတွက် ၁၇-၉-၂၀၀၈ရက်နေ့တွင် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ စည်းမျဉ်းစည်းကမ်းများပြုစုရေးဆပ်ကော်မတီ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းရေးဆပ်ကော်မတီ၊ လေ့ကျင့်ပညာပေးရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီနှင့် စာရင်းကိုင်စာရင်းစစ်စံများဆိုင်ရာဆပ်ကော်မတီ စသည့်ဆပ်ကော်မတီ (၆)ခုကို ဖွဲ့စည်းခဲ့ပါကြောင်း။

အရင်းအနှီးဈေးကွက်နှင့်ပတ်သက်၍ နိုင်ငံတကာအခြေအနေများ၊ အာဆီယံနိုင်ငံများ၏ အခြေအနေများနှင့် ဆက်စပ်သည့်ကဏ္ဍများအား မြန်မာနိုင်ငံအခြေအနေနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်ပြီး အဆင့်(၃)ဆင့်ပါသော အရင်းအနှီးဈေးကွက်ထူထောင်ရေး လမ်းပြမြေပုံကိုရေးဆွဲခဲ့ပြီး အာဆီယံ အရင်းအနှီးဈေးကွက်ဆိုင်ရာဖိုရမ်၏ Time Frame အတိုင်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

တိုးချဲ့ထုတ်ဝေ

ပထမအဆင့်အနေဖြင့် ၁-၁-၂၀၁၀ ရက်နေ့မှစတင်၍ လက်ရှိထုတ်ဝေလျက်ရှိသည့် (၃)နှစ်နှင့် (၅)နှစ်အစိုးရငွေတိုက်စာချုပ်အမျိုးအစားများအပြင် (၂)နှစ်သက်တမ်းရှိသော အစိုးရငွေတိုက်စာချုပ် အမျိုးအစားကိုလည်းကောင်း၊ လက်ရှိထုတ်ဝေလျက်ရှိသော ငွေကျပ် (၁)သောင်း၊ ငွေကျပ် (၁)သိန်း၊ ငွေကျပ် (၁)သန်းတန်များအပြင် ငွေကျပ် (၁၀)သန်းတန်ကိုလည်းကောင်း တိုးချဲ့ထုတ်ဝေခဲ့ပါကြောင်း၊ ၎င်းအပြင် ငွေတိုက်စာချုပ်များကို ဗဟိုဘဏ်မှ ပြည်သူလူထုသို့ တိုက်ရိုက်မရောင်းချတော့ဘဲ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့အား ကိုယ်စားလှယ်များ (Underwriter)အဖြစ် ခန့်အပ်၍ ရောင်းချစေခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပကျွမ်းကျင်သူများနှင့် ရှေ့နေချုပ်ရုံးမှတာဝန်ရှိသူများ ညှိနှိုင်းရေးဆွဲထားသော ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေး ဥပဒေမူကြမ်းအား ၁၃-၅-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း။

တွေ့ဆုံဆွေးနွေး

အာရှငွေချေးစာချုပ်အစီအစဉ် (Asian Bond Market Initiative-ABMI)အရ မြန်မာနိုင်ငံ၏ ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Daiwa Institute of Research Ltd (DIR)သို့ တာဝန်ပေးအပ်ချက်အရ DIRအဖွဲ့သည် ၂၀၁၁ ခုနှစ် ဇွန်လနှင့်ဇူလိုင်လတွင်း မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း။

လမ်းပြမြေပုံအဆင့်(၂)တွင် အဓိကဆောင်ရွက်ရန်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်အဆင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကော်မတီ (Securities and Exchange Committee) ဖွဲ့စည်းပြီးပါက လမ်းပြမြေပုံအဆင့် (၃)ပါအတိုင်း Stock Exchange များထူထောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

လက်ခံသုံးစွဲရမည်

ယမန်နေ့က တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ ဗိုလ်ကြီးစိုးဟိန်းနောင် တင်သွင်းထားသည့် **"မြန်မာစာရေးထုံးများနှင့်ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက မြန်မာစာသည် နိုင်ငံတော်၏တစ်ခုတည်းသော ရုံးသုံးစာဖြစ်ပါကြောင်း၊ ရေးထုံးနှင့် စာလုံးပေါင်းသတ်ပုံ မှန်ကန်ရန်လိုအပ်ပါကြောင်း၊ မြန်မာစာပေ ပညာရှင်ကြီးများ ပြုစုခဲ့သော ဝေါဟာရတ္ထပကာသနီကျမ်း၊ ဝေါဟာရလိနတ္ထဒီပနီကျမ်း၊ ပလိပ်စားချောင်း၊ ပသင်္ဂဝိသောဓနီ သတ်ညွှန်းကျမ်း၊ ကဝိမဏ္ဍနီ သတ်ပုံကျမ်း စသည့်ကျမ်းများ၊ တက္ကသိုလ်မြန်မာအဘိဓာန်၊ မြန်မာသတ်ညွှန်းကျမ်း စသည်တို့သည် မြန်မာစာလုံးပေါင်းသတ်ပုံအတွက် နည်းမှီစံထားရသော ကျမ်းများဖြစ်ပါကြောင်းနှင့် နိုင်ငံတော်ကလက်ခံထားသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၏မူကိုသာ တညီတညွတ်တည်း လက်ခံသုံးစွဲကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

မှန်ကန်အောင်ဆောင်ရွက်

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးနန္ဒအေးက မြန်မာစကားကို (၁၁)ရာစုတွင် ပုဂံပြည်၌ အက္ခရာတင်ရေးသားခဲ့ကြကြောင်း၊ ခေတ်အဆက်ဆက်ဖြတ်သန်း၍ တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်း၊ မြန်မာ စာလုံးပေါင်းသတ်ပုံကျမ်းကို ၁၉၈၆ ခုနှစ်တွင် ပြဋ္ဌာန်းပြီး ယင်းကျမ်းအတိုင်း သုံးနှုန်းစေခဲ့ပါကြောင်းနှင့် ရေးထုံးနှင့် ပြောထုံးများကို မှန်ကန်အောင် ဆောင်ရွက်ရန်လိုပါကြောင်းဖြင့် ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်က ပညာရေးဝန်ကြီးဌာနအောက်တွင် မြန်မာစာအဖွဲ့ရှိပါကြောင်း၊ မြန်မာစာကို ယင်းအဖွဲ့ကပြုစုသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းအတိုင်း ရေးသားရပါကြောင်း၊ အချို့က အရေးတယူမပြုဘဲ ရေးသားသုံးနှုန်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ "မှ" နှင့် "က"၊ "အား"နှင့် "ကို"၊ "လည်းကောင်း"နှင့် "သော်လည်းကောင်း"တို့ကိုပင် လွဲမှားစွာသုံးစွဲနေကြပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်က 'အသုံးမှား'သည် အသုံးကြာလျှင် အမှန်ဖြစ်တတ်ပါကြောင်း၊ ရေးထုံးသာမက ပြောဆိုရာတွင်လည်း အလေးဂရုပြုရန်လိုအပ်ပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏ်စိုးက အဆိုတင်သွင်းသောနေ့သည် မြန်မာနိုင်ငံစာတတ်မြောက်ရေးနေ့ဖြစ်ပြီး မြန်မာစာရေးထုံးနှင့်ပတ်သက်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က အဆိုတင်သွင်းခြင်းအပေါ် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာစာကို ရေးသားရာတွင်သာမက ဘာသာပြန်ဆိုရာ၌လည်း မှားယွင်းနေကြကြောင်း၊ ရေးထုံးမှားယွင်းမှုများကို နေရာများစွာတွင် တွေ့ရှိနေရပါကြောင်း၊ ရေးထုံးမှန်ကန်ရေးအတွက် မြှင့်တင်ဆောင်ရွက်စေလိုပါကြောင်း၊ ရေးထုံးမှားယွင်းမှုနှင့်ပတ်သက်၍ အချိန်ကာလတစ်ခုအထိ သတိပေးကာလအဖြစ်သတ်မှတ်ပြီး စီမံခန့်ခွဲရေးပြစ်ဒဏ်အဖြစ် ငွေဒဏ်ဆောင်စေရန် သင့်/မသင့် စဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေက မြန်မာစာ၊ မြန်မာစကားကို အရေးမှန်၊ အဖတ်မှန်ရန်လိုအပ်ပါကြောင်း၊ ကွန်ပျူတာစာစီသူများသည် ကွန်ပျူတာသာရိုက်တတ်ပြီး စာလုံးပေါင်းသတ်ပုံကို မသိသည်ကများပါကြောင်း၊ ရေးထုံးအမှားအများဆုံးမှာ ဂျာနယ်များဖြစ်ပါကြောင်း၊ ရေးထုံးမှန်ကန်မှုကို ထိန်းသိမ်းကြပ်မတ်ပေးနိုင်ရေးအတွက် စာအုပ်ထုတ်ဝေရေး၊ ရုပ်မြင်သံကြားနှင့်အသံလွှင့်ကဏ္ဍတို့ကို ကြပ်မတ်ပေးမည့်ဌာနတစ်ခု ရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အတည်ပြု

ယင်းအဆိုသည် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းနှင့် သက်ဆိုင်သည့်အဆို မဟုတ်ပါကြောင်း၊ သို့သော် ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာစာကို အခြေခံမှစ၍ တိတိကျကျ သင်ကြားပေးရန်မှု လိုအပ်ပါကြောင်း၊ အစိုးရဌာနတစ်ခုတည်းက ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်တစ်ခုမဟုတ်ဘဲ အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ရမည်ဖြစ်သဖြင့် အဆိုကို **"မြန်မာစာရေးထုံးများနှင့် ပတ်သက်၍ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ထိန်းသိမ်းကြပ်မတ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** ဟုပြင်ဆင်၍ လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းထားသည့် **"ပညာရေးဝန်ထမ်းဘဝမြှင့်တင်ရေးအတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်(၈)ဦးတို့က ပညာရေးဝန်ထမ်းများ၏ လူမှုဘဝအခက်အခဲနှင့် ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် သုံးသပ်ပြီးနောက် ယင်းအဆိုအား **"အကြံပေးချက်တစ်ရပ်အဖြစ် မှတ်တမ်းတင်ရန်ဆုံးဖြတ်ကြောင်းနှင့် ဒေါက်တာခင်ရွှေအား ပညာရေးဆိုင်ရာဖောင်ဒေးရှင်းတစ်ခုထူထောင်ရန် တိုက်တွန်းကြောင်း"** လွှတ်တော်က ဆုံးဖြတ်သည်။

ဆက်လက်ကျင်းပမည်

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ညနေ ၄ နာရီခွဲတွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၂ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၇)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းနှင့် ယမန်နေ့ကတင်သွင်းခဲ့သည့်အဆို(၃)ခုအနက် အဆိုတစ်ခုကို အတည်ပြုခြင်း၊ အဆိုတစ်ခုကိုပြင်ဆင်အတည်ပြုခြင်းနှင့် အဆိုတစ်ခုကို အကြံပေးချက်အဖြစ် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာသင်တန်း သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာသင်တန်းအမှတ်စဉ်(၂/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းခေါင်းဆောင်က လက်ခံသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၈ ရက်မှ စက်တင်ဘာ ၉ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၄ ဦးဖြင့် တစ်လကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည့် (၆၃)နှစ်မြောက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သင်တန်းဆင်း လက်မှတ် ပေးအပ်

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.Tနည်းပညာသင်တန်းအမှတ်စဉ် (၂/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်ထံ ပေးအပ်စဉ်။

(သတင်းစဉ်)

မောင်းလျှင်မမူးနှင့် ←

→ မူးလျှင်မမောင်းနှင့်

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး-ရေးသားသည်

မန်ယူနဲ့ မန်စီးတီးတို့ ဆက်လက်နိုင်ပွဲဆက်မယ့် ပရီမီယာလိဂ်

လန်ဒန် စက်တင်ဘာ ၉

ဘောလုံးပရိသတ်တွေ မျှော်လင့်စောင့်စားနေတဲ့ ပရီမီယာလိဂ်ပွဲစဉ် (၄)ပြိုင်ပွဲများကို ဒီနေ့ စနေနေ့တနင်္ဂနွေညပိုင်းမှာ ပြန်လည်ကစားကြမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ပရီမီယာလိဂ်သုံးပွဲကစားခဲ့ရာမှာတော့ မန်ချက်စတာမြို့ခံ ပြိုင်ဘက်တွေဖြစ်တဲ့ မန်ယူနဲ့ မန်စီးတီးတို့ဟာ သုံးပွဲစလုံးအနိုင်ရပြီး အမှတ်ပေးဇယားကို ဦးဆောင်နေကြပါတယ်။

လာမယ့် စက်တင်ဘာ ၁၀ ရက် (စနေနေ့)ညပိုင်းမှာတော့ ယခုနှစ်ရာသီမှာ နိုင်ပွဲမစနိုင်သေးတဲ့ အာဆင်နယ်က အိမ်ကွင်းမှာ ဆွမ်ဆီးနဲ့ ကစားမှာပါ။ ဒီပွဲဟာ အာဆင်နယ်ရဲ့ ပထမဆုံးနိုင်ပွဲဖြစ်လာနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

မန်စီးတီးတိုက်စစ်မှူး အဂွီရို စပါးအသင်းဘက်သို့ ဘောလုံးသွင်းယူခဲ့သည်။

ဒီနေ့မှာပဲ နှစ်ပွဲဆက်တိုက်နိုင်ပွဲရထားတဲ့ ချယ်လ်ဆီးက ဆန်းဒါးလန်းရဲ့ အိမ်ကွင်းမှာသွားရောက်ကစားဖို့ ရှိပါတယ်။ ဒီပွဲဟာ ချယ်လ်ဆီးတို့ ခက်ခက်ခဲခဲကျော်ဖြတ်ရမယ့် ပွဲတစ်ပွဲဖြစ်လာနိုင်ပါတယ်။ သုံးပွဲဆက်တိုက်နိုင်ပွဲဆက်ခဲ့တဲ့ မန်စီးတီးက အိမ်ကွင်းမှာပဲ ဒီညမှာ ဝီဂန်ကိုအနိုင်ယူဖို့ ပြင်ဆင်လျက်ရှိပါတယ်။

သူနိုင်ကိုယ်နိုင်

လက်ရှိချန်ပီယံမန်ယူက ဘော်လ်တန်အသင်းရဲ့ တောင့်တင်းခိုင်မာမှုကို စမ်းသပ်ဖို့ ပြင်ဆင်ထားပါတယ်။ လူစုံတက်စုံထွက်လာမယ့် မန်ယူရဲ့ အလုပဆုံးကစားကွက်တွေကို အားပါးတရ ရှုစားကြရဦးမှာပါ။ ဒီစနေနေ့မှာပဲ အခြားပြိုင်ပွဲတွေဖြစ်တဲ့ အဲဗာတန်နဲ့ အက်စ်တွန်ဗီလာ၊ စတုတ်နဲ့ လီဗာပူး၊ ဝူဗာဟမ်တန်နဲ့ စပါးတို့ပွဲတွေလည်း သူနိုင်ကိုယ်နိုင်အပြိုင်ကြကြဦးမှာဖြစ်တဲ့အကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။ ။ **(အင်တာနက်)**

မြန်မာ့အလင်း ပြည်တွင်းအားကစားသတင်း

ပြည်တွင်းအားကစားသတင်း ပြည်တွင်းအားကစားသတင်း

KENBO Junior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ HAN Golf Masters Pte., Ltd. နှင့် Aung Kan Bo Trading Co., Ltd. တို့က အဓိက ကူညီပံ့ပိုးသော HAN Golf Masters Junior Golf Series 2011, KENBO Junior Golf Championship ပြိုင်ပွဲ၏ဒုတိယပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်း မြန်မာဂေါက်ကလပ် (၉)မိုင်၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဒေါက်တာမြင့်ဦးက ကျင်းအမှတ်(၂)၌ တစ်ပေရှစ်လက်မဖြင့် Nearest to the Pin ဆုရရှိသော အောင်ဆန်းမျိုး၊ ကျင်းအမှတ်(၁၇) ၌ ငါးပေ ရှစ်လက်မဖြင့် Nearest to the Pin ဆုရရှိသော ရဲလွင်ဦး၊ အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၉၄ ချက်ဖြင့် တတိယရရှိသော ပွင့်ဖူးနဒီခိုင်၊ စုစုပေါင်း ရိုက်ချက် ၉၃ ချက်ဖြင့် ဒုတိယရရှိသော မြဖူးသွင်၊ အမျိုးသား(၈-၁၂)နှစ်သက်တန်းပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၉၂ ချက်ဖြင့် တတိယရရှိသော ရာဇာအောင်၊ စုစုပေါင်းရိုက်ချက် ၉၂ ချက်ဖြင့် ဒုတိယရရှိသော မင်းစစ်သွေး တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာဂေါက်သီးရိုက်အသင်း Club Captain ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)က (၁၃-၁၅)နှစ်သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၉၀ ဖြင့် တတိယရရှိသော ဘုန်းပြည့်ချမ်းဟန်၊ စုစုပေါင်းရိုက်ချက် ၇၉ ချက်ဖြင့် ဒုတိယရရှိသော ဘရန်တန်မောင်ဝင်း၊ (၁၆-၁၈)နှစ်သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၈၄ ချက်ဖြင့် တတိယရရှိသော ကျော်သက်ဦး၊ စုစုပေါင်းရိုက်ချက် ၈၃ ချက်ဖြင့် ဒုတိယရရှိသော အောင်မြင့်ထွေးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဦးက (၁၉-၂၁)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၇၇ ချက်ဖြင့် တတိယရရှိသော ချစ်ရင်ထူး၊ စုစုပေါင်းရိုက်ချက် ၇၆ ချက်ဖြင့် ဒုတိယရရှိသော သီဟဌေးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် HAN Golf Masters Pte., Ltd. မှ CEO ဦးချမ်းဟန်က အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၈၅ ချက်ဖြင့် ပထမရရှိသော ဝင့်ဖူးနဒီအောင်၊ (၈-၁၂)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၈၈ ချက်ဖြင့် ပထမရရှိသော ထွန်းအောင်ခိုင်၊ (၁၃-၁၅)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်၇၉ချက်ဖြင့် ပထမရရှိသော ကျော်ဇင်ထွန်း၊ (၁၆-၁၈)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၇၂ချက်ဖြင့် ပထမရရှိသော အောင်ဆန်းမျိုး၊ (၁၉-၂၁)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်၇၆ချက်ဖြင့် ပထမရရှိသော စည်သူရဲရင့်တို့အား တံခွန်စိုက်ဖလားဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် Co-sponsor များအဖြစ် Imperial Jade Purified Drinking Water နှင့် မြန်မာဂေါက်ကလပ်တို့က ပံ့ပိုးကူညီကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပထမပွဲစဉ် ဂေါက် သီး ရိုက် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အပြီးတွင် ဆုရရှိကြ သူ များ အား တွေ့ရစဉ်။

(ဂေါက်သီးအဖွဲ့ချုပ်)

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲမှစ၍ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ**(အောက်ယာပုံ)** ဖိလစ်ပိုင်အသင်းနှင့် စင်ကာပူအသင်းတို့ သရေကျသွားသည်။

ပထမပွဲ

ဖိလစ်ပိုင် - တစ်ဂိုး
စင်ကာပူ - တစ်ဂိုး

ဒုတိယပွဲ

ကမ္ဘောဒီးယား ဂိုးမရှိ
မလေးရှား ဂိုးမရှိ

ယနေ့ပွဲ
(ညနေ ၃ နာရီခွဲ)

ဗီယက်နမ် - မြန်မာ (သုဝဏ္ဏ)
ဘရူနိုင်း - လာအို (အောင်ဆန်းကွင်း)

အုပ်စုပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏ လူငယ်အားကစားကွင်းနှင့် အောင်ဆန်းကွင်းတို့၌ နေ့စဉ် ညနေ ၃ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာ့အဆင့် လက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၉

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (WBA)၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ လက်ရွေးစင်များ ကမ္ဘာ့အဆင့်လက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ မောင်ငယ်(ကာကွယ်ရေး)က ၅၂ ကီလိုဝိတ်တန်းတွင်လည်းကောင်း၊ ကျော်ကျော်လတ် (ရန်ကုန်မြို့တော်စည်ပင်)က ၅၆ ကီလိုတန်းတွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကို အဇာဘိုင်ဂျန်နိုင်ငံ ဘာဂူမြို့တွင် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲမကျင်းပမီ စက်တင်ဘာ ၁၁ ရက်မှ ၂၁ ရက်အထိ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်နည်းပြများနှင့် ပူးတွဲလေ့ကျင့်နိုင်ရန်အတွက် အဆိုပါ လက်ရွေးစင်လက်ဝှေ့သမားနှစ်ဦးသည် စက်တင်ဘာ ၉ ရက်က အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (ဝ၄၂)**

ဥာနဆိုင်ရာလက်ဖက်ခင်းများ ချင်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၉

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ခုနစ်မိုင် ဥာနဆိုင်ရာလက်ဖက်ခင်း၌ လက်ဖက်ပင်များ အောင်မြင်ဖြစ်ထွန်းမှု၊ လေးမိုင် ဥာနဆိုင်ရာလက်ဖက်ခင်း၌ လက်ဖက်စိုက်ပျိုးထားရှိမှု၊ အင်ဂျာလိုဥာနဆိုင်ရာများ၏ လက်ဖက်စိုက်ပျိုးထားရှိမှုနှင့် လက်ဖက်ခင်း ပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး မိမိတို့လက်ဖက်ခင်း ပိုမိုကောင်းမွန်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ကွင်းဆင်းဆောင်ရွက်

ဆက်လက်၍ ချင်းပြည်နယ် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဟားခါးမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က လှေကားထစ်လယ်ယာတူးဖော်မှုများ၌ ပြည့်ပြည့်ဝဝ စပါးစိုက်ပျိုးထားရှိရေး၊ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိခရိုင်/မြို့နယ်အတွင်းရှိ အောက်ခြေတောင်သူလယ်သမားများအား လယ်ယာထွက်ကုန်သီးနှံဖြင့် အသက်မွေးဝမ်းကျောင်းသည့် စိတ်ရှိအောင် စည်းရုံးဆောင်ရွက်ရေးနှင့် ဆပ်ကော်မတီအနေဖြင့် ကျေးလက်နေပြည်သူများအား အမြဲထိတွေ့စေရေးမပြတ် ကွင်းဆင်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၉) ရပ်ကွက် နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၃၅၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို စက်တင်ဘာ ၃ ရက်က ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဇော်မြင့်က နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်ဦးထံ ပေးအပ်စဉ်။ (၀၂၃)

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေး မြေပုံမြို့နယ်၌ ပညာပေးဟောပြော

မြေပုံ စက်တင်ဘာ ၉

မြေပုံမြို့နယ်သစ်တောဦးစီးဌာနက တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေး၊ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအကြောင်း ပညာပေးဟောပြောပွဲကို ဝဲကောက်ကျေးရွာ အလယ်တန်းကျောင်း၌ ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးမျိုးနိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းကာကွယ်ရေး၊ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအကြောင်းအရာများကို ပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဆောင်းသီးနှံစိုက်ပျိုးစရိတ် အရာတော်မြို့နယ်၌ထုတ်ချေး

အရာတော် စက်တင်ဘာ ၉

မုံရွာခရိုင် အရာတော်မြို့နယ် ကဲဘာကျေးရွာ၌ ပြည့်ဖြိုးချမ်းသာစီးပွားရေးသမဝါယမအသင်းလီမိတက်မှ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ထုတ်ချေးခြင်း အခမ်းအနားကို ဩဂုတ် ၁၉ ရက်က ကဲဘာကျေးရွာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ဦးက တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အရာတော်မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးကျော်ဝင်းက ဆောင်းသီးနှံစိုက်ပျိုးသော တောင်သူဦးကြီးများ၏အစုအဖွဲ့ကိုယ်စား ပြည့်ဖြိုးချမ်းသာလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်ရှမ်းထံ စိုက်ပျိုးစရိတ် ချေးငွေကျပ်သိန်း ၁၅၀ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်းမြို့ အထက(၂) အာစရိယပူဇော်ပွဲ

စစ်ကိုင်း စက်တင်ဘာ ၉

စစ်ကိုင်းမြို့ အထက(၂) (ယခင်အမျိုးသားကျောင်း)၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကျောင်းသား ကျောင်းသူဟောင်းများဖြစ်ကြသည့် ဒေါက်တာ ဦးကျော်လှ (မြစ်ငယ်) ဖုန်း-၀၉-၂၀၁၈၈၆၁၊ ဒေါ်သန်းသန်းမြင့် (အတုလဝတီ-စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၄၃၂၊ ဒေါ်အမာညို (ဆင်စွယ်တိုက်-မန္တလေး) ဖုန်း-၀၉-၂၀၀၅၇၂၄၊ ကျောင်းအုပ်ဆရာမကြီး (အထက ၂-စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၀၉၀၊ ဦးအုန်းမြင့် (ကုဋ္ဌေမြိုင်စတိုး) ဖုန်း-၀၇၂-၂၁၀၀၅၊ ဦးစိန်ယု ဖုန်း-၀၇၂-၂၁၂၈၈နှင့် ဦးဇော်လင်း(ဇေယျာလင်း) ဖုန်း-၀၉-၉၁၀၃၃၆၈၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(၁၄၀)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု လက်တွေ့ချက်ပြုတ်သရုပ်ပြပြိုင်ပွဲ ကျင်းပ

ပျော်ဘွယ် စက်တင်ဘာ ၉

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးလက်တွေ့ချက်ပြုတ်သရုပ်ပြပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက်နံနက် ၉နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပသည်။

ပညာပေးဟောပြော

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကျင်းပရခြင်းနှင့် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းဆိုင်ရာများကို ပညာပေးဟောပြောကြသည်။ ဆက်လက်၍ အာဟာရပြင်ဆင် ချက်ပြုတ်မှုလက်တွေ့သရုပ်ပြခြင်း၊ အာဟာရချို့တဲ့ကလေးငယ်များအား အာဟာရကျွေးမွေးခြင်း၊ ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင်အားဆေးနှင့် သံဓာတ်ဆေးပြားများ၊ အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံခြားဇာတ်ကားသစ် CAPTAIN AMERICA ရုံဝင်လာ

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

မြန်မာ့အလင်း (ရုပ်ရှင်အမြည်း)

ရန်ကုန် စက်တင်ဘာ ၉

ယခုသီတင်းပတ် စက်တင်ဘာ ၉ ရက် (သောကြာနေ့)တွင် မြန်မာဇာတ်ကားသစ် ရုံဝင်လာခြင်းမရှိဘဲ နိုင်ငံခြားဇာတ်ကားသစ် **CAPTAIN AMERICA** ရုပ်ရှင်ကား ရွှေ့ဆောင်ရုံတွင် ရုံဝင်လာရာ နိုင်ငံခြားရုပ်ရှင်ချစ်ပရိသတ်များအတွက် အကြိုက်တွေ့စေမည့် ဇာတ်ကားပင်ဖြစ်သည်။

ယင်းဇာတ်ကားတွင် သရုပ်ဆောင် Chris Evans နှင့် Hugo Weaving တို့ ခေါင်းဆောင်ပါဝင်ထားကြပြီး ဒါရိုက်တာ Joe Johnston က ပုံဖော်ရိုက်ကူးထားသည့် ဂမ္ဘီရဆန်သော သိပ္ပံအက်ရှင်ရုပ်ရှင်ကားဖြစ်သည်။ ဇာတ်လမ်းမှာ ၁၉၄၂ ခုနှစ် မတ်လက ဟစ်တလာ၏ သိပ္ပံဌာနခွဲ ဟိုက်ဒရာ၏ ဥက္ကဋ္ဌဖြစ်သူ ယိုဟန်းရှမစ်က နော်ဝေနိုင်ငံ ရဲတိုက်ဟောင်းကြီးတစ်ခုမှ ဂမ္ဘီရကုဗတုံးတစ်တုံးကို နတ်ဘုရားအိုဒင်း၏ ရတနာဟုယူဆကာ ခိုးယူသွားခဲ့ရာမှ ရင်ခုန်လှိုက်မောဖွယ် အဖြစ်အပျက်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့မှုကို အက်ရှင်ဇာတ်ဝင်ခန်းများဖြင့် စိတ်ဝင်စားဖွယ် ရိုက်ကူးပြသထားခြင်း ဖြစ်သည်။ အက်ရှင်ရုပ်ရှင်ကားကောင်းကြည့်လိုသူပရိသတ်များအတွက် ကြည့်ရှုပြီး စိတ်တိုင်းကျစေမည့် ဇာတ်ကားလည်း ဖြစ်သည်။

သမ္မတ၊ သွင်၊ မင်္ဂလာရုံတို့တွင် **အိုင်လပ်(ဖ်)ယူ** မြန်မာ ဟာသဇာတ်မြူးကား ဆက်လက်အောင်ပွဲခံပြသနေဆဲဖြစ်သည်။ ဒါရိုက်တာ လွမ်းဝေအောင်၊ တွဲဖက်ဒါရိုက်တာ ဩရသတို့ ဖန်တီးရိုက်ကူးထားပြီး ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်တို့ ခေါင်းဆောင်ပါဝင်ကာ ဗေလုဝ၊ ခင်လှိုင်၊ ရော၊ ကျော်ထူးတို့ ဟာသသရုပ်ဖော်မှုတို့က ပရိသတ်ပွဲကျစေမည့် ဇာတ်ကားကောင်းပင်ဖြစ်သည်။ ရယ်မောပြီးရင်း ရယ်မောလိုသည့် ပရိသတ်အတွက် ယခုသီတင်းပတ် စိတ်အေးစွာသွားရောက် ကြည့်ရှုခွင့်ရဦးမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် **RISE OF THE PLANET OF THE APES** ဇာတ်ကား ဆက်လက်ပြသနေပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ပါရသည်။ **(မြန်မာ့အလင်း)**

CAPTAIN AMERICA ရုပ်ရှင်ဇာတ်ကား။

လှည်းတန်းနှင့် ရွှေဂုံတိုင် မီးပွိုင့်များတွင် ယာဉ်သွားခုံးကျော်တံတားများ တည်ဆောက်မည်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်နှင့် ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်များတွင် ယာဉ်သွားခုံးကျော်တံတားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)က တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အဆိုပါလမ်းဆုံများ၌ နေ့အလိုက်၊ အချိန်အလိုက် ယာဉ်သွားလာမှုမှတ်တမ်းများ စတင်ကောက်ယူခြင်း၊ မြေပြင်တိုင်းတာမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ခုံးကျော်တံတား

လှည်းတန်းမီးပွိုင့်မှာ လမ်းငါးခွဆုံဖြစ်ပြီး ရွှေဂုံတိုင်မီးပွိုင့်မှာ လမ်းလေးခွဆုံဖြစ်၍ ယာဉ်အသွားအလာများပြီး ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်သည့်အတွက် ယာဉ်သွားလာမှုလွယ်ကူမြန်ဆန်စေရန် ခုံးကျော်တံတားစီမံကိန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ ခုံးကျော်တံတားနှစ်စင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင် ပထမဆုံးတည်ဆောက်သွားမည့် ခုံးကျော်တံတားများဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **(ရီရီမြင့်-သတင်းစဉ်)**

ကလေးမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

ကလေး စက်တင်ဘာ ၉

ကလေးမြို့နယ်အတွင်းရှိ အခွန်ထမ်းပြည်သူများအနေဖြင့် ဝင်ငွေကြေညာလွှာတင်သွင်းခြင်း၊ အခွန်ပေးသွင်းခြင်းတို့နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံနေသည့်အခွန်များနှင့် ပတ်သက်သည့် အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေပြဋ္ဌာန်းချက်များကို အခွန်ထမ်းပြည်သူများ နားလည်စေရေး၊ မိမိဆန္ဒအလျောက် ဝင်ငွေကြေညာပြီး အခွန်ပေးသွင်းစေရေးအတွက် အခွန်ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် ကလေးမြို့ ပင်လုံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြင့်ဝေက ရှင်းလင်းပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၇)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းနှင့် အဆို (၁)ခုကို အတည်ပြုခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၉

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၉)ဦးတို့ တက်ရောက်ကြသည်။

ပြန်လည်ဖြေကြား

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်၏ **"ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ရှိ မိုးညှင်းဒီဂရီကောလိပ်ကို ၂၀၀၃ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုလက်ရှိ အဓိကဘာသာရပ် (၈)ခုနှင့် ပေါင်းစပ်ဘာသာရပ် (၄)ခုကို ဆရာ/ဆရာမ (၈၉)ဦးဖြင့် သင်ကြားလျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ကျောင်းသားဦးရေ (Day & Distance) အပါအဝင် (၅၀၀၀) ဖြစ်ပြီး လက်ရှိတွင် (၄၂၉၁)ဦး တက်ရောက်ပညာဆည်းပူးလျက်ရှိပါကြောင်း၊ သို့ပါ၍ မိုးညှင်းဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် အနှစ်(၃၀) နှစ်ရှည်စီမံကိန်း (အဆင့်မြင့်ပညာကဏ္ဍ)တွင် လုပ်ငန်းစဉ် (၃၆)ခု ချမှတ်ရေးဆွဲ၍ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးညှင်းဒီဂရီကောလိပ်ကို ၂၀၀၃ ခုနှစ်မှ စတင်၍ နေ့သင်တန်း ကျောင်းသားဦးရေ (၅၀၀၀)လျာထားပြီး တည်ဆောက်ဖွင့်လှစ်ခဲ့ပါကြောင်း။

လက်ခံသင်ကြား

အဆိုပါ ဒီဂရီကောလိပ်၌ နေ့သင်တန်း ကျောင်းသား (၁၉၂၃)ဦးနှင့် အဝေးသင်ကျောင်းသား (၂၃၆၈)ဦးရှိပြီး မူလခွင့်ပြုကျောင်းသားဦးရေ ပြည့်မီရန်အတွက် နောက်ထပ်ကျောင်းသား (၃၀၀၀)ကျော်ကို လက်ခံသင်ကြားပေးနိုင်သော အခြေအနေရှိပါကြောင်း။

လက်ရှိ ကျောင်းသားနှင့်ဆရာ အချိုးညီမျှမှုရှိခြင်း၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို အခြားတက္ကသိုလ်များနည်းတူ ဖြည့်ဆည်းပေးထားခြင်းတို့ကြောင့် ပညာသင်ကြားမှုတွင် အခွင့်အရေး အပြည့်အဝရရှိပါကြောင်း၊ လက်ရှိကျောင်းသားအရေအတွက်အရ ဒီဂရီကောလိပ်အနေဖြင့် ဆက်လက်ဖွင့်လှစ်ထားရှိမည်ဖြစ်သော်လည်း နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်လာသော လူမှုစီးပွားရေးအခြေအနေများအရလည်းကောင်း၊ တိုးမြင့်လာသော ကျောင်းသား၊ ကျောင်းသူအရေအတွက်အရလည်းကောင်း တက္ကသိုလ်အဖြစ်တိုးမြှင့်ဖွင့်လှစ်သွားရန် အစီအမံများ ထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

လေ့ကျင့်ပေးလျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညာဏစိုး၏ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ လွှတ်တော်နိုင်ငံရေးကို နည်းလမ်းတကျ ဆောင်ရွက်နိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်များကို နိုင်ငံရေးအခြေခံကောင်းများ ပျိုးထောင်ပေးရန် လိုအပ်နေပါသဖြင့် ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော တက္ကသိုလ်များတွင် နိုင်ငံရေးအထူးပြုဘွဲ့သင်တန်း 'Political Study' ဘာသာရပ်ကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနသည် ဘက်စုံတွေးခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော မျိုးဆက်သစ်လူငယ်များ ဖြစ်ပေါ်လာရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်ပြီး အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်း ရရှိရေးတို့ကို လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ ပထမနှစ် ဘွဲ့ကြိုသင်တန်းများအားလုံးတွင် မသင်မနေရ ဘာသာရပ် (compulsory elective) အဖြစ် မြန်မာ့ရေးရာ (Aspects of Myanmar)ဘာသာရပ်ကို တစ်ပတ်လျှင် သင်ကြားပို့ချချိန် (၂)နာရီနှင့် နည်းပြချိန် (၂)နာရီဖြင့် သင်ကြားပို့ချလျက်ရှိပါကြောင်း။

တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် နိုင်ငံတကာဆက်ဆံရေး (International Relations) အထူးပြုဘာသာရပ်ကို သင်ကြားပို့ချလျက်ရှိပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၏ သင်ရိုးမာတိကာတွင် Political Science ဘာသာရပ်နှင့် သက်ဆိုင်သော Political Thought, International Relations, Geography of Southeast Asian Country. Understanding Human Interaction, Political Organization, Government of Southeast Asia, Macro Economics, Communicative Skills, International Law, Government of Myanmar, Current Problems in International Relations, Economics Development and International Trade, Political Geography, European Community, Myanmar Foreign Relations, Myanmar and Neighbouring Countries, Diplomacy, United Nations Peace Activities ဘာသာရပ်တို့ကို သင်ကြားပို့ချလျက်ရှိပါကြောင်းနှင့် Political Science ဘာသာရပ်ကို ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ရန် နိုင်ငံတော်က လိုအပ်ပါက လိုအပ်ချက်နှင့်အညီ စီစဉ်ဖွင့်လှစ်သင်ကြားပို့ချမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း ယနေ့ ဗတ်စရာ၊ မှတ်စရာ

မန်ယူနှင့် မန် စီး တီး တို့ ဆက်လက်နိုင်ပွဲ ဆက်ဖယ့် ပရီမီယာလိဂ်။

စာ / ၁၀

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ။

စာ / ၁၀

မိုးကြီး၍ ရန်ကုန်မြို့ အချို့မြို့နယ်များ၌ ရေလျှံ။

စာ / ၁၂